# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ သောကြာနေ့ အတွဲ (၆၂)၊ အမှတ် (၀၅၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/ ၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား

## အမှန်တကယ်သုံးစွဲနိုင်ခြင်းမရှိသည့် ထုတ်ယူသုံးစွဲငွေများ များပြားနေသောကြောင့် ပြည်တွင်းချေးငွေများပြားနေခြင်းဖြစ်သဖြင့် တင်ပြတောင်းခံသည့်အတိုင်း လုပ်ငန်းများအမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၄

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➔*

**ယနေ့** *ဖတ် စ ရာ*

**၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် အချိုးကျကိုယ်စားပြုစနစ်** ဆောင်းပါး စာ - ၈

**ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး မြန်မာဘာတွေ ဆောင်ရွက်နေသလဲ ဘယ်သူတွေက နှောင့်နှေးအောင် နှောင့်ယှက်ဖန်တီးနေသလဲ** ဆောင်းပါး စာ - ၁၀

မြန်မာ့အလင်း

# ဓာတ်အားအလေအလွင့်မရှိစေရေး ဓာတ်အားသုံးစွဲသူတိုင်းက သတိပြု

မြန်မာနိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ရာခိုင်နှုန်းပြည့် လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ရေး ရည်မှန်းချက်အဖြစ် ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်ကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအခြေအနေတွင်မူ ၆၀ ရာခိုင်နှုန်းကျော်ခန့်သာ ဓာတ်အားသုံးစွဲခွင့်ရရှိနေပြီး ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် အနှောင့်အယှက်အဖျက်အဆီးများနှင့် အခက်အခဲစိန်ခေါ်မှုများကို ရင်ဆိုင်နေရခြင်းဖြစ်ရာ ယင်းအနှောင့်အယှက် အခက်အခဲများကို ကျော်လွှားနိုင်ရန် ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီမှုများ လိုအပ်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "လျှပ်စစ်ဓာတ်အားသုံးစွဲမှုကိုလည်း စနစ်တကျဖြစ်စေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်မှာ ကြီးမားလာနိုင်ပြီး လိုအပ်ချက်ပြည့်မီနိုင်ရေး နိုင်ငံတော်အနေဖြင့် လျှပ်စစ်စီမံကိန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ လျှပ်စစ်လိုအပ်ချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ သုံးစွဲသူများအနေဖြင့်လည်း အလေအလွင့်ဖြစ်စေမည့် ဓာတ်အားသုံးစွဲမှုများကို လျှော့ချကြစေလိုကြောင်း" ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးဖြစ်သော ရေအား၊ သဘာဝဓာတ်ငွေ့၊ ရေနွေးငွေ့၊ ကျောက်မီးသွေး စသည်တို့ဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်လျက်ရှိရာ ထုတ်လုပ်မှု၏ ထက်ဝက်ခန့်ကို ရန်ကုန်နှင့် လေးပုံတစ်ပုံခန့်ကို မန္တလေးတို့က သုံးစွဲနေကြခြင်းဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်စုစုပေါင်း ၁၂ ခုတို့က လေးပုံတစ်ပုံခန့်သုံးစွဲနေကြရခြင်းဖြစ်သည်။ တစ်နိုင်ငံလုံး၏ ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲနိုင်မှုအခြေအနေမှာ အရှေ့တောင်အာရှဒေသတွင် အနိမ့်ဆုံးဖြစ်နေပြီး ဓာတ်အားတစ်ယူနစ်အတွက် ဈေးနှုန်းမှာလည်း အနိမ့်ဆုံးတွင် ရှိနေသည်။ နိုင်ငံအနေဖြင့် ရာခိုင်နှုန်းပြည့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ရှန်းကန်ကြိုးပမ်းနေရပြီး တစ်ဖက်တွင် အကြမ်းဖက်အဖျက်သမားတို့၏ လျှပ်စစ်တာဝါတိုင်များ ဖောက်ခွဲမှု၊ ဓာတ်အားခ မပေးဆောင်ရန် ခြိမ်းခြောက်မှု၊ လျှပ်စစ်ဝန်ထမ်းများကို သတ်ဖြတ်မှုများ၊ ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်မှုကြောင့် LNG ဓာတ်အားပေးစက်ရုံများ ရပ်တန့်ထားရမှုများ စသည့်အကြောင်းအရာများကြောင့် ဓာတ်အားထုတ်လုပ်မှု လျော့နည်းကျဆင်းနေပြီး နိုင်ငံတော်၏ ဓာတ်အားစနစ်တွင် ဝန်အားထိန်းညှိလျှော့ချနေရသည်ဟု သိရသည်။

ယင်းသို့သော အခြေအနေတွင် ဓာတ်အားသုံးစွဲသူတစ်ဦးချင်းစီက ဓာတ်အားချွေတာရေးနှင့် အလေအလွင့်မဖြစ်ပေါ်စေရေးကို အလေးအနက် ဂရုပြုကြရမည်ဖြစ်ရာ စွမ်းအင်သုံးစွဲမှုနည်းပါးပြီး အခြားအားသာချက်များရှိသည့် LED မီးလုံး၊ မီးချောင်းများ အစားထိုးသုံးစွဲရေး၊ အလေအလွင့်ဖြစ်စေသည့် လျှပ်စစ်သုံးစွဲမှုများမဖြစ်အောင် သတိပြုရှောင်ကြဉ်ရေးတို့ကို လျှပ်စစ်ဓာတ်အားသုံးစွဲကြသူတိုင်းက ကိုယ်စီအသိတရားဖြင့် တာဝန်သိသိ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၅) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၅)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်(တနင်္လာနေ့)၊ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက်တိုင်တိုင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဆွမ်းပဒေသာပင်၊ စာအောင်ဆုပဒေသာပင်၊ တိပိဋကအထွေထွေရန်ပုံငွေများကို သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့၊ ၀၉-၄၃၀၆၇၁၆၈၊ ၀၉-၄၄၃၁၉၀၁၉၃၊ ၀၉-၄၅၁၃၇၉၉၄၂၊ ၀၁-၆၆၃၃၂၅ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၂ ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒစရိယဆရာတော်ကြီး ၁၁ ပါး၊ ပုစ္ဆကဆရာတော် ၄ ပါး၊ ကြီးကြပ်ရေးဆရာတော် ၄ ပါး၊ စာထောက်စာမဆရာတော် ၂၁၄ ပါး၊ အာဂုံပြန်စာရင်းသွင်း သံဃာ ၂၅၀ ပါး၊ သဘောရေးဖြေစာရင်းသွင်းသံဃာ ၁၈၇ ပါး၊ စုစုပေါင်း ၆၇၂ ပါး ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်(သောကြာနေ့)မှ ဒီဇင်ဘာ ၁၁ ရက်(တနင်္ဂနွေနေ့)အထိ ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့် အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်)စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့် အလားတူစာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာ စာဖြေဌာနတည်ရှိရာ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများသို့ အချိန်မီပေးပို့ထားမည်ဖြစ်၍ အဆိုပါရုံးများတွင် စာမေးပွဲဖြေဆိုရက်မတိုင်မီ ထုတ်ယူနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ သက်ကြီးပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ ပဉ္စမအကြိမ်မြောက် အသက်(၇၅)နှစ်အထက် အဖွဲ့ဝင် သတင်းထောက်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

အဆိုပါ သက်ကြီးပူဇော်ကန်တော့ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးသို့ ကန်တော့ခံများနှင့် အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ(မပျက်မကွက်)ကြွရောက်ကြပါရန်နှင့် နှစ်စဉ်ကြေးများ ပေးသွင်းကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

အသေးစိတ် သိရှိလိုပါက ဖုန်း ၀၉-၂၅၀၂၆၆၆၀၉၊ ၀၉-၇၇၇၆၄၂၆၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၆-၁၁-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ်(၄၈)တွင် မျောက်နီတာ၏ ပညာဉာဏ်ရှိမှုကြောင့် အသက်ဘေးက လွတ်မြောက်သွားသော ရွှေယုန်အကြောင်း ရေးဖွဲ့ထားသည့် "ရွှေယုန်နဲ့ အိပ်မက်" မျက်နှာဖုံးကာတွန်း၊ ဂျပန်ရိုးရာအားကစားနည်းတစ်ခုဖြစ်သည့် ဆူမိုနပန်းပွဲအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ဂျပန်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ ဆူမိုနပန်းပွဲ" သုတဆောင်းပါး၊ ကျေးဇူးရှင် သခင်များအပေါ် အလိုက်သိတတ်ပြီး ကျေးဇူးသိတတ်သော ခွေးလေးအောင်နက်၏ သနားစဖွယ်အဖြစ်ကို ရေးဖွဲ့ထားသည့် "ကျေးဇူးသိသော အောင်နက်လေး"နှစ်မျက်နှာကာတွန်း၊ မိဘများ၏ အလိုလိုက်ခြင်းကို ခံရသော်လည်း အလိုက်မသိတတ်သော ကျောင်းသူလေး မိစုသည် နောက်ဆုံးတွင် မိဘများအပေါ် အမြင်မှန်ရလာပုံအကြောင်း တင်ဆက်ထားသည့် "မိသားစုသံယောဇဉ်"ဝတ္ထုကဏ္ဍ၊ သစ်သီးဆိုင်က သစ်သီးကို ပိုင်ရှင်မသိအောင် ယူပြေးရာက ဒုက္ခရောက်ရသော လူငယ်လေးတစ်ယောက်အကြောင်း သရုပ်ဖော်ထားသည့် "အကြံ" တစ်မျက်နှာကာတွန်း၊ လူတစ်စု၏ မတော်လောဘစိတ်ကြောင့် တစ်ရွာလုံး ဆင်းရဲသွားရပုံအကြောင်း ရေးဖွဲ့ထားသည့် "ဂျုံစက်ပိုင်ရှင် အဘိုးကြီး" ပုံပြင်ကဏ္ဍ၊ သားသား၊ မီးမီးတို့သည် ကိုယ်ကျင့်သီလငါးပါးကို စောင့်ထိန်းခြင်းဖြင့် မြင့်မြတ်သူများဖြစ်အောင် ကြိုးစားသင့်ကြောင်း ရေးဖွဲ့ထားသည့် ဆရာအောင်ဇော်ဦး (ကြို့ပင်ကောက်)၏ "ငါးပါးသီလ" ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်




စကားဝိုင်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တို့တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး ၂/၂၀၂၂ တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြု ငွေတောင်းခံမှုများကို အတည်ပြုပေးရန်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ အတည်ပြုထောက်ခံချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က တစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်ပေးပို့တင်ပြနိုင်ရေးအတွက် ဆွေးနွေးကြရန်ဖြစ်ကြောင်း။

ပြည်ထောင်စုအဆင့်ဌာန/ အဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြု ငွေတောင်းခံမှုများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဦးစွာ စိစစ်ခဲ့ပြီး ဒုတိယဝန်ကြီးချုပ်က ထပ်ဆင့်စိစစ်ထားပြီးဖြစ်ကြောင်း၊ အလားတူ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုကိုလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဒုတိယဝန်ကြီးချုပ်တို့က စိစစ်ထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့် ဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နိုင်ငံတော်က ထပ်မံခွင့်ပြုသည့် ဖြည့်စွက်ခွင့်ပြုငွေများကို ပြည်သူများ၏ လိုအပ်ချက်နှင့် တစ်ထပ်တည်းဖြစ်စေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် လုပ်ငန်းများတွင် ထိရောက်စွာအသုံးပြုကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို ကျပ်ဘီလီယံ ၄၀၀ နှင့် မတည်ထူထောင်ပေးထားပြီးဖြစ်ကြောင်း၊ မကြာမီကာလတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကိုလည်း ထပ်မံထူထောင်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဖြည့်စွက်ခွင့်ပြုငွေများ ထပ်မံခွင့်ပြုပေးခြင်းများ၊ ကိုဗစ်-၁၉ အထူးချေးငွေရန်ပုံငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများကို ထူထောင်ပေးခြင်းများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းခဲ့ရသည့် နိုင်ငံတော်၏ စီးပွားရေးကို ပြန်လည်မြှင့်တင်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး ရှင်းလင်းတင်ပြစဉ်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေအပေါ် ဌာန၊ အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအတွက် အကျိုးရှိစွာအသုံးပြုရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးတို့အတွက် ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ ၆ လပတ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် အမျိုးသားစီမံကိန်းများ၊ လုပ်ငန်းများအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ ယခုဖြည့်စွက်ရန်ပုံငွေများကို လိုအပ်ချက်များအရ တောင်းခံကြခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း တောင်းခံကြသည်ကို တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်အပ်နှံသည့် လုပ်ငန်းများ၊ စတင်နိုင်ခြင်းမရှိသေးသည့် လုပ်ငန်းများ၊ ရာနှုန်းပြည့် ပြီးစီးမှုမရှိသည့် လုပ်ငန်းများ ရှိနေသည်ကို တွေ့ရှိရကြောင်း၊ အမှန်တကယ်သုံးစွဲနိုင်ခြင်းမရှိသည့် ထုတ်ယူသုံးစွဲငွေများ များပြားနေသောကြောင့် ပြည်တွင်းချေးငွေ များပြားနေခြင်းဖြစ်သဖြင့် တင်ပြတောင်းခံသည့်အတိုင်း လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း။



ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

## စနစ်တကျပြန်လည်ဆောင်ရွက်

တိုင်းပြည်ဝင်ငွေ ရရှိရေးအတွက် ကုန်ထုတ်လုပ်မှုကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ရှိရင်းစွဲ မြေပေါ်မြေအောက် သဘာဝသယံဇာတ အရင်းအမြစ်များကို ဥပဒေနှင့်အညီ စည်းကမ်းစနစ်တကျဖြင့် အကျိုးရှိရှိအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင်ထုတ်လုပ်ပြီး ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း စနစ်တကျပြန်လည်ဆောင်ရွက်ကြရမည်ဖြစ်ကာ ထိုသို့ဆောင်ရွက်မှသာလျှင် စဉ်ဆက်မပြတ်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ချွေတာသုံးစွဲရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေးတွင် ရေသည် အဓိကကျသည့်အတွက် ရေသုံးစွဲမှုကို အလေအလွင့် မဖြစ်စေလိုဘဲ စနစ်တကျဖြင့် အကျိုးရှိရှိ အသုံးချစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သကဲ့သို့ ဆည်ရေကိုလည်း စနစ်တကျသုံးစွဲကြရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကိုလည်း စနစ်တကျဖြစ်စေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်မှာ ကြီးမားလာနိုင်ပြီး လိုအပ်ချက်ပြည့်မီနိုင်ရေး နိုင်ငံတော်အနေဖြင့် လျှပ်စစ်စီမံကိန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ လျှပ်စစ်လိုအပ်ချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ သုံးစွဲသူများအနေဖြင့်လည်း အလေအလွင့်ဖြစ်စေမည့် ဓာတ်အားသုံးစွဲမှုများကို လျှော့ချကြစေလိုကြောင်း။

## ဖြည့်စွက်ဆွေးနွေးမှာကြား

တစ်ဆက်တည်းတွင် စက်သုံးဆီသုံးစွဲမှုကိုလည်း လျှော့ချကြစေလိုကြောင်း၊ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်းလုံး၌ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်လျက်ရှိကြောင်း၊ စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် ကုန်ကျမည့် ငွေကြေးအရင်းအနှီးများကို လျှပ်စစ်စွမ်းအင်ဖြင့် အသုံးပြုသည့် Public transportation များ၌ သုံးစွဲမည်ဆိုပါက ပိုမိုအကျိုးရှိနိုင်မည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကုန်စည်များ ပို့ဆောင်ခြင်းနှင့် ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းခရီး၊ ကုန်းကြောင်းခရီး၊ လေကြောင်းခရီးဟူ၍ရှိပြီး ရေကြောင်းခရီးဖြင့် သယ်ယူပို့ဆောင်ခြင်းသည် ကုန်ကျစရိတ် အသက်သာဆုံးပင်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် နေ့စဉ်သုံးစွဲနေသည့် စက်သုံးဆီကို တစ်ဦးချင်းအသိစိတ်ဖြင့် လျှော့ချသုံးစွဲမည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဘဏ္ဍာငွေ သုံးစွဲမှုကိုလည်း လျှော့ချလာနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရှိ စိုက်ပျိုးစရိတ်ချေးငွေများ သတ်မှတ်ကာလအတွင်း ပြန်လည်ရရှိစေရေးအတွက် တာဝန်ရှိသူများက အသိပညာပေး၊ စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

## အချိန်မီဆောင်ရွက်သွားမည်

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယနေ့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ထောက်ပံ့ရမည့် ထောက်ပံ့ငွေ ပြောင်းလဲမှု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ကတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဆက်လက်တင်ပြပြီး ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အချိန်မီဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်းလုံးတွင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံကြီးများအကြား စစ်ရေး နိုင်ငံရေး အားပြိုင်မှုများ၊ ကမ္ဘာ့ရွှေဈေး၊ ရေနံဈေး မတည်ငြိမ်မှုများကတစ်ဆင့်

*စာမျက်နှာ ၄ သို့*

# တိုင်းပြည်၏ရှိရင်းစွဲ မြေပေါ်မြေအောက် သဘာဝသယံဇာတအရင်းအမြစ်များကို ဥပဒေနှင့်အညီ စည်းကမ်းစနစ်တကျဖြင့် အကျိုးရှိရှိအသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်

*စာမျက်နှာ ၃ မှ*

**"ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် လာမည့် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တို့အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်တိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးသွားမည်"**

အထွေထွေကုန်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ငွေဖောင်းပွမှုနှုန်းများ မြင့်တက်လာခြင်း၊ အမေရိကန်ဒေါ်လာ ငွေကြေးတန်ဖိုး မြင့်တက်ခြင်းကြောင့် အခြားနိုင်ငံများ၏ ပြည်တွင်းသုံးငွေ တန်ဖိုးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်း စသည့်အခြေအနေများအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများစွာ ရင်ဆိုင်တွေ့ကြုံရလျက်ရှိကြောင်း။

**အစားထိုးသုံးစွဲ**

မိမိတို့အနေဖြင့် မည်သည့်စိန်ခေါ်မှုပင်ရှိပါစေ၊ ပြည်တွင်းအားသည် ပြည်တွင်း၌သာရှိသည် ဟူသည့် ခံယူချက်ဖြင့် မိမိတို့၏ အမျိုးသားရေးမူဝါဒနှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် လာမည့် ဘဏ္ဍာရေးနှစ် ၂၀၂၃-၂၀၂၄ တို့အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန် ပြန်လည်တိုးတက်လာစေရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားပေးမြှင့်တင်သွားရမည်ဖြစ်ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပမှ ကုန်ပစ္စည်းများ မှာယူတင်သွင်းနေရသည်များကို အတတ်နိုင်ဆုံး လျှော့ချပြီး ပြည်တွင်းထုတ်ကုန်များကို အစားထိုးသုံးစွဲနိုင်ရေးအတွက်လည်း ရည်မှန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

**အစီရင်ခံစာများ ပြုစုတင်ပြ**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဖြည့်စွက်ခွင့်ပြုငွေအပါအဝင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မိမိတို့ကို ခွဲဝေပေးထားသည့် အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ အကျိုးရှိရှိ ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများတွင် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ပုံငွေများ ခွဲဝေချထားပေးလျက်ရှိရာ လျာထားချက်အတိုင်း လုပ်ငန်းများအကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ ခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာသုံးစွဲနိုင်ခြင်း ရှိ၊ မရှိတို့ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စောင့်ကြည့်ကြီးကြပ်၍ အစီရင်ခံစာများ ပြုစုတင်ပြလျက်ရှိကြောင်း။

**ခွဲဝေလျာထားသတ်မှတ်**

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ငွေလုံးငွေရင်းအသုံးစရိတ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် ရန်ပုံငွေများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေများတွင် ငွေလုံးငွေရင်းအသုံးစရိတ်များကို အသီးသီး ခွဲဝေလျာထား သတ်မှတ်ပေးခဲ့ပြီးဖြစ်ကြောင်း။

**လေလွင့်ဆုံးရှုံးမှုမရှိအောင်ကြပ်မတ်**

ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံထားသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများကလည်း ရန်ပုံငွေများကို အကျိုးရှိစွာ ထိထိရောက်ရောက်ဖြစ်အောင် သုံးစွဲရန်၊ လျာထားလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်၊ လုပ်ငန်းပြီးစီးမှုနှင့် ငွေကြေးသုံးစွဲမှု ဟန်ချက်ညီစေရန်၊ အရည်အသွေးပြည့်မီစေရန်၊ ပိုလျှံရန်ပုံငွေများနှင့် ဘဏ္ဍာနှစ်အကုန်ထိ သုံးစွဲနိုင်ခြင်းမရှိမည့် ရန်ပုံငွေများကို ဆောလျင်စွာ ပြန်လည်အပ်နှံရန်၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ တိုးမြှင့်လျာထားသည့် ရငွေများကို ပြည့်မီရုံမျှသာမက ကျော်လွန်ရရှိလာရန်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကြောင့် နိုင်ငံတော်အနေဖြင့် အခွန်အခများ လျှော့ပေါ့ပေးခြင်း၊ ရွှေ့ဆိုင်းပေးခြင်း၊ ချေးငွေသက်တမ်းများ တိုးမြှင့်ပေးခြင်းတို့ကို ပြည်သူများအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

ယခုအခါ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ CMP လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာပြီဖြစ်သည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရသင့်ရထိုက်သည့် အခွန်၊ အခများကို ကြိုးပမ်းကောက်ခံကြစေလိုကြောင်း၊ အခွန်ထမ်းဆောင်ရမည့် ပြည်သူများကိုလည်း အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်လာစေရေး အခွန်ဆိုင်ရာအသိပညာပေးခြင်းနှင့် အခွန်ပေးဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

ပြည်ထောင်စုဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး မိမိတို့၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေများနှင့်အညီ အကျိုးရှိထိရောက်စွာ သုံးစွဲကြပြီး ရည်မှန်းချက် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်ကြရန် အလေးအနက်ထားမှာကြားလိုကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# တက္ကသိုလ်မြတ်သူ မိသားစုက အမျိုးသားစာကြည့်တိုက် (နေပြည်တော်) သို့ စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သို့ အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရန်နှင့် ထိန်းသိမ်းထားရှိရန်တို့အတွက် တက္ကသိုလ်မြတ်သူ မိသားစုက စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ သတ်မှတ်စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးထွန်း၊ ဒေါက်တာမိုးဇော်ထွန်း၊ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စာပေပညာရှင်များ၊ တက္ကသိုလ်မြတ်သူနှင့် မိသားစုဝင်များ၊ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တက္ကသိုလ်မြတ်သူသည် ကဗျာ၊ ဝတ္ထု စသည့် ရသစာပေများ၊ သတင်းစာပညာ၊ သတင်းအချက်အလက်၊ ဂီတ၊ နိုင်ငံရေး၊ ဘာသာရေး၊ မြန်မာစာပေ၊ ဥပဒေ၊ လူ့အခွင့်အရေး၊ မြန်မာနိုင်ငံ သမိုင်း၊ ကမ္ဘာ့သမိုင်း၊ ရွှေးကောက်ပွဲနှင့် အတ္ထုပ္ပတ္တိ စသည့်စာအုပ်များစွာကို ပညာရပ်စုံလင်စွာ ရေးသားခဲ့ပြီး မကြာသေးမီကာလက ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုကို ရရှိခဲ့သူ တစ်ဦးလည်း ဖြစ်ပါကြောင်း၊ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူက ကိုယ်တိုင်ရေးသားခဲ့သည့် စာအုပ်များနှင့် ဖတ်ရှုလေ့လာ စုဆောင်းခဲ့သည့် စာအုပ်စာပေများ၊ စာနယ်ဇင်းများ၊ ရရှိခဲ့သည့် ဂုဏ်ပြုမှတ်တမ်းများ၊ ဆုတံဆိပ်များ၊ ရင်ထိုးတံဆိပ်များ၊ တီးခတ်ခဲ့သည့် တူရိယာပစ္စည်းများ၊ စုဆောင်းခဲ့သည့် ခွေပြား များ၊ စီဒီများနှင့် မှတ်တမ်းဝင်ခွေပုံများကို အမျိုးသားစာကြည့်တိုက်သို့ လှူဒါန်းလိုကြောင်း ဆက်သွယ်လာခဲ့သဖြင့် ဌာနမှ တာဝန်ရှိသူများကို စနစ်တကျ လက်ခံဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါကြောင်း၊ လှူဒါန်းခဲ့သည့် စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများကို အသေးစိတ် စာရင်းပြုစုခြင်းလုပ်ငန်းမှစ၍ စင်တင်ခင်းကျင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး **"တက္ကသိုလ်မြတ်သူ စာစုခန်း"** အဖြစ် ခင်းကျင်းထားရှိပါကြောင်း၊ တက္ကသိုလ်မြတ်သူ စုဆောင်းထားရှိသည့် စာအုပ်စာပေများမှာ အကြောင်းအရာ၊ ပညာရပ်များ စုံလင်သည်ကိုတွေ့ရှိရပြီး သိမ်းဆည်းထားသည့် အမှတ်တရပစ္စည်းများနှင့် တူရိယာပစ္စည်းများသည်လည်း ယနေ့ခေတ်တွင် အလွယ်တကူ ရှာဖွေ၍ မရနိုင်သည့် ရှားပါးတန်ဖိုးရှိ ပစ္စည်းများဖြစ်သည့်အတွက် နောင်လာနောက်သားများ တွေ့မြင်လေ့လာခွင့်ရရှိပြီး အသိပညာဗဟုသုတ တိုးပွားစေနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက္ကသိုလ်မြတ်သူက အမျိုးသားစာကြည့်တိုက် (နေပြည်တော်)သို့ စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တက္ကသိုလ်မြတ်သူအား စာပေပစ္စည်းများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး **(ဓါတ်ပုံ)** သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငွေးငွေးဆွေက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် အခမ်းအနား တက်ရောက်လာသူများက တက္ကသိုလ်မြတ်သူ စာစုခန်းခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နတ်တော်လပြည့်နေ့၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်မည့် "စာဆိုတော်နေ့" ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် စာပေဟောပြောပွဲ အခမ်းအနားကို ယနေ့ ညပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှု အားပေးသည်။ **(အပေါ်ပုံ)**

### တက်ရောက်

အဆိုပါ စာပေဟောပြောပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ စာပေပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဟောပြောပွဲခန်းမတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက "စာဆိုတော်နေ့" ကို ဂုဏ်ပြုသောအားဖြင့် စာပေဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာရေးဆရာကြီး တက္ကသိုလ် မြတ်သူအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။

ယင်းနောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ စာရေးဆရာကြီး တက္ကသိုလ် မြတ်သူ၊ စာရေးဆရာမကြီး မစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုး တို့က အသီးသီး ဟောပြောခဲ့ကြသည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

စာပေဟောပြောမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေဟောပြောခဲ့ကြသည့် စာရေးဆရာကြီး တက္ကသိုလ် မြတ်သူ၊ စာရေးဆရာမကြီး မစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုး တို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စာရေးဆရာကြီး တက္ကသိုလ် မြတ်သူ၊ စာရေးဆရာမကြီး မစန္ဒာနှင့် စာရေးဆရာကြီး မြင်းမူမောင်နိုင်မိုး တို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်



ထားရှိပြီး အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှု စနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန် မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန် အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်း စိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ် စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

### နေ့လယ်စာသုံးဆောင်

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ အသီးသီးပြုလုပ်ပေး၍ တက်ရောက် အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။ (ဝဲပုံ)

ထို့အတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား - မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာဗစ်တလီဆိုလိုနက်စကိုင်း ဦးဆောင်သော ရုရှားဖက်ဒရေရှင်းနိုင်ငံမှ အဆင့်မြင့် ပညာရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး မြှင့်တင်ရေး၊ ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့မှုမြှင့်တင်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံရှိ မော်စကိုနိုင်ငံတကာဆက်ဆံရေးတက္ကသိုလ် (Moscow State Institute of International Relations)၊ ရုရှားပြည်သူ့ချစ်ကြည်ရေးတက္ကသိုလ် (Peo-ple's Friendship University of Russia)၊ Pushkin ပြည်နယ် ရုရှားဘာသာစကား အင်စတီကျု (The Pushkin State Russian Language Institute) စသည့် တက္ကသိုလ်များမှ မြန်မာပညာတော်သင်များ ပိုမိုတိုးချဲ့ခေါ်ယူရေး၊ မြန်မာနိုင်ငံမှ အသိပညာရှင် Think Tanks အဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှုမြှင့်တင်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗစ်တလီဆိုလိုနက်စကိုင်းနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကို နိုင်ငံတကာ ဆက်ဆံရေးတက္ကသိုလ်၊ ရုရှား ပြည်သူ့ချစ်ကြည်ရေး



တက္ကသိုလ်တို့မှ ဒုတိယပါမောက္ခချုပ်များ၊ Pushkin ပြည်နယ် ရုရှားဘာသာစကား အင်စတီကျု မှ နိုင်ငံတကာရေးရာ ဌာနမှူးနှင့် The Alexander Gorchakov Public Diplomacy Fund မှ ဒုတိယ အမှုဆောင်ဒါရိုက်တာတို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား ကောင်းမွန်အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိ၊ သစ္စာရှိစွာဖြင့် ဆောင်ရွက်နေကြသော ဝန်ထမ်းများအား မိသားစုသဖွယ် နွေးနွေးထွေးထွေး ဆက်ဆံခြင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဌာန၏ ဝန်ထမ်းများ စည်းလုံးညီညွတ်မှုရှိသည်ကိုလည်း ဖော်ဆောင်လျက်ရှိကြောင်း ပြသသည့်အနေဖြင့် ဝန်ထမ်းများ၏ နေ့လယ်စာစားပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



နေ့လယ်စာ စားပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဝန်ထမ်းများသည် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်စေရန် အဆင့်အလိုက် ပူးပေါင်းဆောင်ရွက်နေကြသည့် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြောင်း၊ ယခုအချိန်၌ ပေးအပ်သည့် တာဝန်များကို တာဝန်ယူစိတ် အပြည့်ထားရှိပြီး တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများ၏ တာဝန်ကျေပွန်မှု၊ လုပ်ငန်းများကို စည်းကမ်းရှိရှိ၊ ပျော်ပျော်ရွှင်ရွှင်၊ သစ္စာရှိရှိ၊ ရဲရဲဝံ့ဝံ့၊ စိတ်ဝင်တစား လုပ်ဆောင်နေမှုများကို အသိအမှတ်ပြု အလေးထားပါကြောင်း၊ လပြည့်လကွယ်နေ့ရက်များ၌ ဝန်ကြီးဌာန၏ ဘုရားခန်းတွင် ဦးစီးဌာနအလိုက် ဝတ်ရွတ်ပူဇော်ကြပြီး အရာထမ်း၊ အမှုထမ်းများအား အာဟာရဒါန ကျွေးမွေးခြင်းများကို နွေးထွေးခင်မင်စွာ အတူတကွ စားသောက်လေ့ရှိကြကြောင်း၊ ယနေ့တွင်လည်း နေ့လယ်စာကို အရာထမ်း၊ အမှုထမ်းများနှင့် အတူတကွ စားသုံးပြီး စိတ်ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်ကာ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပါစေကြောင်း ဆုမွန်တောင်းစကား ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ ရင်းနှီးစွာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ မဟာဗျူဟာစီမံချက်ဖြစ်သည့် လုပ်ငန်းကဏ္ဍ (၆)၊ လုပ်ငန်းစဉ် (၁) အရ အဂတိလိုက်စားမှုတားဆီးကာကွယ်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအောက်ရှိ ဌာနများတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟောပြောပွဲများနှင့် တားဆီးကာကွယ်ရေးပညာပေးအစီအစဉ်များ" ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်လျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အစိုးရဌာနအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အဂတိလိုက်စားမှုမြောက်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်နစ်နာဆုံးရှုံးမှုကြောင့် အဂတိလိုက်စားမှုမြောက်သည့် ကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများကိုသိရှိပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို နားလည်သဘောပေါက်လာကာ အဂတိလိုက်စားမှုကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်းဟူသည့် လုပ်ငန်းစဉ် (၃) ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ကို ချမှတ်ရေးဆွဲ၍ နှစ်စဉ်လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းမဟာဗျူဟာစီမံချက်ပါ လုပ်ငန်းအစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူလျက် သန့်ရှင်းသော အစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ပေါ်ပေါက်စေရန် တစ်ခန်းတစ်ကဏ္ဍက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဥပဒေရှုထောင့်မှ ဆွေးနွေးတင်ပြခြင်း၊ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသူများက အပြန်အလှန် မေးမြန်းဆွေးနွေးခြင်း၊ ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်ရုံးဝန်ထမ်းများက ပြန်လည်ဖြေကြားခြင်းတို့ ဆောင်ရွက်သည်။

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဒုတိယနေ့တွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ နည်းပညာသင်တန်းပို့ချခြင်းအစီအစဉ်များ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ





**နေပြည်တော် နိုဝင်ဘာ ၂၄**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော်မြို့တော်ခန်းမ လဟာပြင် ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ မှ ၃၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပဒေသာကပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်တို့သည် ယနေ့ နံနက်ပိုင်းတွင် လဟာပြင်ကဇာတ်ရုံ၌ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်များမှ အနုပညာရှင်များက ပဒေသာကပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပြဇာတ် ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့(ASEAN-PAC)၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၄**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ Vice President YONN SINAT ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပသည့် အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့(ASEAN–PAC)၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့တက်ရောက်ခဲ့ပြီးကမ္ဘောဒီးယားနိုင်ငံမှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယနေ့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ (ဓာတ်ပုံ)

မြန်မာကိုယ်စားလှယ်အဖွဲ့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အရည်အသွေးပြည့်ဝသည့် စာရင်းစစ်များဖြစ်စေရန် သင်တန်းမှ လေ့လာသိရှိမှုများဖြင့် ရပ်တန့်မနေဘဲ ဆက်လက်လေ့လာဆည်းပူးရန်လို

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်းတွင် ဖွင့်လှစ်သည့် လက်ထောက်စာရင်းစစ်မှူးများ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း အမှတ်စဉ် (၃/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ကောင်းမွန်စေရန် စစ်ဆေးခြင်းဖြင့် ကြီးကြပ်ထိန်းကျောင်းပေးလျက်ရှိရာ ယခု နိုင်ငံတော်တည်ဆောက်ရေး ကာလအတွင်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်မှုများတွင်လည်း လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စာရင်းစစ်များအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းထိန်းကျောင်းပေးရမည် ဖြစ်ပါကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ပညာရပ်များကို ဆက်လက်လေ့လာဆည်းပူး၍ ပြည်သူ့အကျိုး၊ ဌာနအကျိုး သယ်ပိုးဆောင်ရွက်နိုင်သည့် အရည်အသွေးပြည့်ဝသော စာရင်းစစ်ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုပါကြောင်း မှာကြားသည်။

အဆိုပါသင်တန်းကို စာသင်ခန်းတက်ရောက် (Face To Face) ဖြင့် တစ်လကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ရုံးချုပ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးအသီးသီးမှ သင်တန်းသား ၂၉ ဦး တက်ရောက်ပြီးမြောက်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၁-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲနှင့်စပ်လျဉ်း၍ စာမျက်နှာ ၉၊ ကော်လံ (၄)၊ ဒုတိယစာပိုဒ်တွင် ဖော်ပြပါရှိသည့် **“(BAMM)”** အစား **“(EAMM)”** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် တတိယစာပိုဒ်တွင် ဖော်ပြပါရှိသည့် **“ယခုအချိန်သည် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံရေးအရ ကိုယ်စားပြုသည့် ပုဂ္ဂိုလ်ကို မတက်ရောက်စေသင့်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသူ တက်ရောက်ရေးကိစ္စအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒမရရှိဘဲ ဆုံးဖြတ်ခဲ့ပါကြောင်း”** အစား **“အာဆီယံထိပ်သီးအစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့် ကိုယ်စားလှယ်ကိုသာ ဖိတ်ကြားရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒမရရှိဘဲ ဆုံးဖြတ်ခဲ့ပါကြောင်း၊”**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **စာတည်း**

❍ *ကျောဖုံးမှ*

ပွဲအစ ၅ မိနစ်တွင် အား/ကာသိပ္ပံအသင်း ခေါင်းဆောင် ခင်မာလာထွန်းက ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၁၈ မိနစ်တွင် နီလာဝင်းက သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဂိုးပြန်ရပြီးနောက်ပိုင်းတွင် သစ္စာအားမာန်အသင်းကစားပုံပိုကောင်းလာပြီး ၂၅ မိနစ်တွင် ဝင်းသိဂီထွန်းက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးကို မိနစ် ၆၀ အထိ ရှန်းကန်ခဲ့ရပြီး ၆၉ မိနစ်မှ ရွှေရည်ထွန်းက သွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုးစီသရေကျခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးကို ၈၁ မိနစ်တွင် နီလာဝင်းက သွင်းယူခဲ့ သည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း -၁ ၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက YREO အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးကို ၄၃ မိနစ်တွင် ရူပါခိုင်က သွင်းယူခဲ့သည်။

ဒုတိယနေ့တွင် အား/ကာဦးစီးဌာနအသင်းက Young Lionesses အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အား/ကာဦးစီးဌာနအသင်းမှာမူ Young Lionesses အသင်းကို ဂိုးပြတ်သွင်းကာ နိုင်ပွဲပြန်ရခဲ့သည်။ အား/ကာဦးစီးဌာနအသင်းအတွက် ဂိုးများကို ၄၊ ၄၈၊ ၆၆ မိနစ်တွင် သန်းသန်းဝေ၊ မိနစ် ၇၀ တွင် မိုးမမစိုးတို့က သွင်းယူကာ Young Lionesses အသင်း အတွက် ချေပဂိုးကို၁၅မိနစ်တွင် အကူမွန်ယံက သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ပွဲကုန် ၁၂ ပွဲ ကစား ၃၁ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၁ ပွဲကစား ၂၈ မှတ်၊ မြဝတီအသင်းက ၁၁ ပွဲကစား ၂၆ မှတ်ရရှိထားသည်။ **ရဲရင့်လွင်**

# ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် အချိုးကျကိုယ်စားပြုစနစ်

**ကိုရွှေဦး**

မြန်မာနိုင်ငံတွင် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် Proportional Representation System (PRs)ဖြင့် ဆောင်ရွက်ရန် တောင်းဆိုလာကြသည်။ လွှတ်တော်သုံးရပ်စလုံးတွင် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List–PR)ကို ပြောင်းလဲကျင့်သုံးသင့်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲတွင် နိုင်ငံရေးပါတီအများစုက အဆိုပြုတင်ပြခဲ့ကြသည်။ လွှတ်တော်ရွေးကောက်ပွဲများကို မဲအများဆုံးရသူအနိုင်ရသည့် FPTP စနစ်မှ အချိုးကျကိုယ်စားပြုစနစ်(PRs)သို့ ပြောင်းလဲဆောင်ရွက်ရန် အချိန်အခါ ကျရောက်နေပြီဖြစ်ကြောင်း နိုင်ငံရေးပါတီအများစုက အကြံပြုချက်များရှိလာခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးပါတီများနှင့်လက်တွဲပြီး လာမည့်ရွေးကောက်ပွဲကို တိုင်းရင်းသားလူမျိုးစုများ၊ နိုင်ငံရေးပါတီငယ်များအနေဖြင့် ယင်းတို့ကို ထောက်ခံသည့် ဆန္ဒမဲများအရ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် မျှမျှတတမှန်မှန်ကန်ကန်ဖြင့် အရည်အချင်းရှိသည့်ကိုယ်စားလှယ်များရွေးချယ်ပေးနိုင်ရေးအတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်းက လုပ်ဆောင်နိုင်သည်များဖြင့် အချိုးကျကိုယ်စားပြုစနစ် (PRs) ကျင့်သုံး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### လေ့လာဖော်ထုတ်

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလိုဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တိုက်တွန်းကြောင်း အဆိုကို ၃-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားလွှတ်တော်အစည်းအဝေး သတ္တမမြောက်ရက်နေ့က တင်သွင်းခဲ့သည်။ အမျိုးသားလွှတ်တော်က ယင်းအဆိုကို မဲခွဲဆုံးဖြတ်ရာ အဆိုအောင်မြင်ခဲ့ပြီး အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PRs) ကျင့်သုံးရေးဆိုင်ရာအဆိုကို အကောင်အထည်ဖော်ရေး ကော်မရှင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်များလည်းရှိခဲ့ပါသည်။ အကောင်ထည်ဖော်ရေးကော်မရှင်၏သုံးသပ်အကြံပြုချက်မှာ ကမ္ဘာ့နိုင်ငံအသီးသီးက ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များကို လေ့လာဖော်ထုတ်ရာတွင် အလွှာစုံ၊ ဒေသစုံ၊ ပါတီစုံ၊ တွေးခေါ်မြော်မြင်မှုသဘောတရားအစုံနှင့် ပြည်သူတို့၏ဆန္ဒအစုံကို ကိုယ်စားပြုလျက် အဓိပ္ပာယ်ပြည့်ဝပြီး မဲပေးရလွယ်ကူသော ရွေးကောက်ပွဲမျိုး ဖော်ဆောင်လျက် တည်ငြိမ်ပြီး စွမ်းရည်ရှိသော အစိုးရမျိုး ဖွဲ့စည်းနိုင်သည့် ရွေးကောက်ပွဲစနစ်မျိုးဖြစ်ရန် လိုအပ်ကြောင်း အကြံပြုခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ(၆) ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ၁၉၅၆ ခုနှစ် ပါလီမန်အထွေထွေရွေးကောက်ပွဲ၊ ၁၉၆၀ ပြည့်နှစ် ပါလီမန်လွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတို့အား လေ့လာခဲ့ရာ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အနိုင်ရသောမဲများ၏ ရာခိုင်နှုန်းနှင့် လွှတ်တော်အမတ်ရရှိမှုရာခိုင်နှုန်းအချိုးအစား မကျမှုများပြားခဲ့ခြင်းအပေါ် ရွေးကောက်ပွဲစနစ်ကြောင့်ဖြစ်သည်ဟု သုံးသပ်ခဲ့ကြပါသည်။

### မဲလာပေးမှု (Turn Out) ကောင်းလာနိုင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ၊ မေလနှင့် အောက်တိုဘာလများတွင် နိုင်ငံရေးပါတီများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်ပြောင်းလဲကျင့်သုံးရေးကို ဆွေးနွေးခဲ့ရာ နိုင်ငံရေးပါတီ ၅၃ ပါတီမှ ကိုယ်စားလှယ် ၉၃ ဦး၊ စိတ်ပါဝင်စားသူ ၂၀ စုစုပေါင်း ၁၁၃ ဦး တက်ရောက်ခဲ့ပြီး နိုင်ငံရေးပါတီ ၁၆ ပါတီက စာတမ်းများတင်ပြခဲ့သည်။ ထိုစာတမ်းများတွင် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲရေးကိစ္စသည် တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့် သက်ဆိုင်သည့်အပြင် နိုင်ငံတော်၏သမိုင်းကြောင်း၊ တွင် တိုင်းရင်းသားပါတီများ၏အသံ (Voice) ထွက်ခွင့်၊ ပါတီစုံပါဝင်ခွင့်မရသဖြင့် ကျန်ပါတီများကို ထောက်ခံသော ပြည်သူများက ပေးခဲ့သောမဲများ Waste ဖြစ်ခြင်းစသည့် ဆိုးကျိုးများ ခံစားခဲ့ရကြောင်း၊ တိုင်းရင်းသား ၁၃၅ မျိုးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးမှသာလျှင် ကွဲပြားခြားနားသော တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို သိရှိဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများ လိုလားတောင့်တနေသည့် ဖယ်ဒရယ်(Federal)ဆိုင်ရာ အခွင့်အရေးများကို လွှတ်တော်လမ်းကြောင်းမှ ဖော်ဆောင်နိုင်

> **“မြန်မာနိုင်ငံတွင် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရန် သေချာပါသည်။ လာမည့်ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ပြောင်းလဲကျင်းပရန် အဆင်သင့်အနေအထား ဖြစ်နေတာကိုလည်း တွေ့နေရပါသည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ဖို့ နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်နေတာမို့ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်”**

ဖြစ်ပေါ်တိုးတက်လာသည့် နိုင်ငံရေးဖြစ်စဉ်များနှင့်လည်း သက်ဆိုင်နေကြောင်း၊ သမိုင်း၏ တောင်းဆိုမှုအရ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ဆီသို့ အရောက်ချီတက်မည်ဆိုပါက ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲရေးသည် မရှိမဖြစ်ဖြတ်ကျော်ရမည့် အရေးကြီးသောအခန်းကဏ္ဍဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးမှသည် တစ်မျိုးသားလုံးသွေးစည်းညီညွတ်ရေးအတွက် လွှတ်တော်အသီးသီးတွင် အားလုံးပါဝင်စေသော ကိုယ်စားပြုမှုကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်သည့် အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ် (PRs) ဖြစ်ပေါ်လာရေးကိုစတင်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း(PRs) စနစ်ကျင့်သုံးခြင်းဖြင့် ပါတီငယ်လေးများ၊ တိုင်းရင်းသားမျိုးနွယ်စုငယ်လေးများ လွှတ်တော်တွင်း ဝင်ရောက်နိုင်မှု အခွင့်အရေးပိုမိုရရှိလာနိုင်ခြင်း၊ မဲဆန္ဒရှင်တစ်ဦးချင်းရဲ့ အခွင့်အရေးကို အာမခံနိုင်ခြင်း၊ မဲအဟောသိကံဖြစ်မှုမရှိနိုင်ခြင်း၊ ရွေးကောက်ပွဲများအပေါ် ပြည်သူစိတ်ဝင်စားမှုရှိလာပြီး မဲလာပေးမှု (Turn Out) ကောင်းလာနိုင်ခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှု (All Inclusiveness) ပိုမိုရရှိလာနိုင်ခြင်း၊ အမျိုးသမီးကိုယ်စားလှယ် ၃၀ ရာခိုင်နှုန်း ပါဝင်နိုင်ရေးကို လက်တွေ့ကျင့်သုံးလာနိုင်ခြင်း၊ ပါတီတစ်ခုတည်း၏ ကြီးစိုးလွှမ်းမိုးမှုကို လျှော့ချနိုင်ခြင်း၊ ဒီမိုကရေစီအာဏာရှင်စနစ်ကို ကာကွယ်ဟန့်တားနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးစီးပွားတွေကိုရရှိလာနိုင်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်(PRs) ရွေးကောက်ပုံစံသစ်ကို အရေးပေါ်ကာလလုပ်ငန်းတာဝန်များ ပြီးဆုံးပြီးနောက် ကျင်းပမည့်ရွေးကောက်ပွဲတွင် စတင်အသုံးပြုနိုင်အောင် ဆောင်ရွက်သင့်ကြောင်းဆွေးနွေးခဲ့ကြပါသည်။

### အကျိုးစီးပွားကို သိရှိဖော်ဆောင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ကိုလိုနီခေတ်ကာလ၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်ကာလ၊ ၂၀၁၀ မှ ၂၀၂၀ ဒီမိုကရေစီကာလများတွင် ကျင့်သုံးခဲ့သော ရွေးကောက်ပွဲစနစ်မှာ နိုင်သူအကုန်ယူ Winner takes all (FPTP) စနစ်များသာဖြစ်ကြောင်း၊ သို့သော်လည်း FPTP စနစ်၏ အားနည်းချက်ကြောင့် လွှတ်တော်အတွင်း အနိုင်ရပါတီတစ်ခုတည်းက လွှမ်းမိုးခြင်း၊ ထိုအနိုင်ရပါတီ၏အကျိုးကို လွှတ်တော်အတွင်းဖော်ဆောင်၍ ပြည်သူ့အကျိုးကိုမျက်ကွယ်ပြုလာခြင်း၊ လွှတ်တော်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားအစုံအလင် ပါတီအစုံအလင်ပါဝင်သော သက်တံ့ရောင်စုံ လွှတ်တော်ဖော်ဆောင်ခြင်းသည်ပင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ရာရောက်ပြီး ဒီမိုကရေစီယဉ်ကျေးမှုကို ပျိုးထောင်ရာလည်းရောက်သောကြောင့် အချိုးကျကိုယ်စားပြုစနစ်(PRs)ကို ရွေးကောက်ပွဲတွင် ကျင့်သုံးသင့်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

### စာတမ်းများ ဖတ်ကြား

ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် အချိုးကျကိုယ်စားပြုစနစ် (PRs) ကို လွှတ်တော်ရွေးကောက်ပွဲများတွင် ပြောင်းလဲကျင့်သုံးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံရေးပါတီများကို အစုအဖွဲ့များ ဖွဲ့စည်း၍ သက်ဆိုင်ရာ မိမိတို့အစုအဖွဲ့လိုက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များအတွက် အချိုးကျကိုယ်စားပြုစနစ်ဖြင့်ဆောင်ရွက်ရာတွင် အသုံးပြုသင့်သည့်ရွေးကောက်ပွဲဒီဇိုင်းနှင့် မဲဆန္ဒနယ်မြေသတ်မှတ်ခြင်းတို့ကို အသေးစိတ်ညှိနှိုင်းဆွေးနွေးနိုင်ရန်စီစဉ်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်နေ့များတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့်ဆွေးနွေးပွဲများတွင် အစုအဖွဲ့များအလိုက် အသေးစိတ် ဆွေးနွေးညှိနှိုင်းနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ဆွေးနွေးညှိနှိုင်း ရရှိချက်များကို အစုအဖွဲ့လိုက်စာတမ်းများ ဖတ်ကြားတင်ပြခဲ့ကြပါသည်။

အစုအဖွဲ့လိုက် ဆွေးနွေးကြရာတွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် (PRs)ဖြင့် ကျင်းပခြင်းကို တက်ရောက်လာသော ပါတီများအားလုံးက သဘောတူပါကြောင်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် **မဲဆန္ဒရှင်များနှင့် မဲရေတွက်သူများအတွက် အခက်အခဲအနည်းဆုံးဖြစ်မည့် “စာရင်းပိတ်စနစ် (Closed List –PR)” ကို ကျင့်သုံးသင့်ကြောင်း၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မြေများ သတ်မှတ်ရာတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည့် လူဦးရေအပေါ်အခြေမခံဘဲ မြို့နယ်ကို အခြေခံတွက်ချက်ခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယခင်က ရရှိခဲ့သည့်** ကိုယ်စားလှယ်ဦးရေများအတိုင်း ခွဲဝေသတ်မှတ်သင့်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရရှိသည့် ကိုယ်စားလှယ်ဦးရေအပေါ်မူတည်၍ မဲဆန္ဒနယ်မြေများ သတ်မှတ်ရာ၌မှုတတ်နိုင်သမျှ လူဦးရေအချိုးအစားညီမျှရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ပါတီများအတွက် အနိမ့်ဆုံး ဝင်ပေါက်အချိုးစံ (Threshold) သတ်မှတ်ရာတွင် မြင့်လွန်းခြင်းနှင့် နိမ့်လွန်းခြင်း အစွန်းတရားများက ရှောင်ရှားပြီး ထောက်ခံမဲအပေါ် မူတည်၍ ကိုယ်စားလှယ်သတ်မှတ်ရာတွင် တစ်နိုင်ငံလုံးအပေါ် လွှမ်းခြုံတွက်ချက်ခြင်းမဟုတ်ဘဲ မဲဆန္ဒနယ်တစ်ခုချင်းအလိုက်ဆောင်ရွက်သင့်ပါကြောင်း၊ မဲရေတွက်ပုံနည်းလမ်းအဖြစ် (Closed List –PR) တွက်ချက်မှုစနစ်ဖြစ်သည့် အများဆုံး အကြွင်းကိန်းနည်းကို လက်ခံကျင့်သုံး သင့်ပါကြောင်း၊ မဲရုံတိုင်းတွင် မဲဆန္ဒရှင်ပြည်သူများမှ ၎င်းတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်၏ပါတီကို မဲပေးနိုင်ရန်အလို့ငှာ မဲရုံအဝတွင် ဗီနိုင်း၊ ပိုစတာများဖြင့် ပါတီ၏အမည်အောက်တွင် ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံနှင့် အမည်ကို ဖော်ပြပေးရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ သို့မှသာ မဲဆန္ဒရှင်သည် ၎င်းကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို မျက်မြင်ကြည့်ရှု၍ လွယ်ကူစွာဖြင့် ၎င်းကိုယ်စားလှယ်လောင်း၏ ပါတီအား မဲပေးနိုင်မည်ဖြစ်ပြီး မဲဆန္ဒရှင်များ၏ ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ရွေးချယ်နိုင်ရန်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ကြပါသည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပ

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအတွက် ဆွေးနွေးရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပရမည့် လွှတ်တော်သုံးရပ်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PRs) ကျင့်သုံးရေးအတွက် သဘောတူပါကြောင်း၊ “စာရင်းပိတ် အချိုးကျ ကိုယ်စားပြုစနစ်” (Closed List – PR) ကို ကျင့်သုံးရန်အသင့်မြတ်ဆုံးဖြစ်ပြီး ယခုအခါ နိုင်ငံပေါင်း ၁၀၀ ကျော်တွင်လည်း အချိုးကျကိုယ်စားပြုစနစ်ကို တွင်ကျယ်စွာ ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ Closed List –PR System ကို စတင်အသုံးပြုသင့်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှုအခြေအနေနှင့် နိုင်ငံရေးရေချိန်မြင့်တက်လာမှုအခြေအနေတစ်ရပ်သို့ ရောက်ရှိချိန်မှသာလျှင် Open List – PR System သို့မဟုတ် အခြား PR System Design များကို ပြောင်းလဲကျင့်သုံးသင့်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအတွက် လွှတ်တော်ကိုယ်စားလှယ်များကို မူ မဲအများဆုံးရသူ အနိုင်ရသည့်စနစ် (FPTP) ဖြင့်သာကျင့်သုံးသင့်ကြောင်း၊ အချိုးကျကိုယ်စားပြုစနစ် (PRs) အရဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများ ဖောင်းပွလာနိုင်မှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်သော်လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့်သော်လည်းကောင်း ကန့်သတ်ရန်လိုအပ်ကြောင်း ဆွေးနွေးတင်ပြပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် ဆွေးနွေးရာတွင် မဲဆန္ဒရှင်များ၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၊ တိုင်းရင်းသားလူနည်းစုများ အားလုံးပါဝင်နိုင်ပြီး တစ်ပါတီကြီးစိုးမှုကိုပါကန့်သတ်နိုင်သော အချိုးကျ ကိုယ်စားပြုစနစ် (PRs) ကို ပြောင်းလဲကျင့်သုံးသင့်ပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

(PRs)ကို ပြောင်းလဲကျင့်သုံးရာတွင် Closed List–PR စနစ်ကို ရွေးချယ်ကျင့်သုံးသင့်ကြောင်း၊ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်ရာ၌ FPTP စနစ်ကိုသာ အသုံးပြုရန် အကြံပြုလိုပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲများကို Closed List – PR စနစ်ကို ကျင့်သုံးရန် မဲရလဒ်များတွက်ချက်ခြင်းကို ကြွင်းကျန်မဲအများဆုံးစနစ် (Largest Remainder Formula)ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်သတ်မှတ်ရာတွင် မြို့နယ်အလိုက်၊ ခရိုင်များအလိုက် သတ်မှတ်ခြင်းမပြုဘဲ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ပြီး ကိုယ်စားလှယ်နှစ်ဦးစီကို PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန်၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ဖြင့်သာ ရွေးကောက်တင်မြှောက်ရန် ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်နိုင်ရေး(PRs)စနစ်သို့ ပြောင်းလဲကျင့်သုံးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ဆန့်ကျင်မှု ရှိ/ မရှိ စိစစ်သုံးသပ်ရန်လိုအပ်လာပါသည်။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းခြင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၀၉ (က) တွင် “ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် ၃၃၀ ထက် မပိုသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ” ဟူ၍ ပြဋ္ဌာန်းထားခြင်းအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဧရိယာ ကျယ်ပြန့်စွာဖြင့် မဲဆန္ဒနယ်များ သတ်မှတ်ပေး၍လည်းကောင်း၊ အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၄၁ (က) တွင် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး” ဟူ၍ ပြဋ္ဌာန်းထားခြင်းအရ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုလျှင် PR စနစ်အတွက် မဲဆန္ဒနယ်တစ်ခုစီ သတ်မှတ်၍လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုအတွက် FPTP စနစ်ကျင့်သုံး၍ မဲဆန္ဒနယ်ခြောက်ခု သတ်မှတ်၍လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်းအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၆၁(က) “ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ”ဟူ၍ ပြဋ္ဌာန်းထားခြင်းအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် ဆန့်ကျင်မှုမရှိဘဲဆောင်ရွက်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ တိုင်းရင်းသားလူမျိုးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၆၁(ခ)(ဂ)တွင် “ နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုညဒသမတစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့်---” ဟူ၍ ပြဋ္ဌာန်းထားခြင်းအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များအား ယခင် (FPTP) စနစ်ဖြင့်ပင် မဲဆန္ဒနယ် ၂၉ ခု သတ်မှတ်၍ ရွေးကောက်တင်မြှောက်နိုင်ပါသည်။ “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (ဂ)တွင် မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်း”ဟူ၍ ပြဋ္ဌာန်းထားချက်အရ ဥပဒေနှင့်အညီ လွှတ်တော်သုံးရပ်အတွက် မဲဆန္ဒနယ်မြေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကသာ သတ်မှတ်ဆောင်ရွက်နိုင်ပါသည်။ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက်မူ First Past The Post စနစ်ဖြင့်သာ ရွေးချယ်သွားရမည် ဖြစ်ပါသည်။

**ဘုံသဘော တူညီချက်များ**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ (၄)ကြိမ်မြောက်တွေ့ဆုံညှိနှိုင်းချက်များအရ အောက်ပါအတိုင်း ဘုံသဘော တူညီချက်များ ရရှိခဲ့ပါသည်–

(က) လာမည့်ရွေးကောက်ပွဲများတွင် စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ်(Closed List– PR)စတင်ကျင့်သုံးရန်၊

(ခ) မဲဆန္ဒရှင် ပြည်သူများ၏ ပညာတတ်မြောက်မှု၊ ရွေးကောက်ပွဲ အတွေ့အကြုံနှင့် နိုင်ငံရေး ယဉ်ကျေးမှု ရေချိန်မြင့်တက်လာချိန်တွင် (Open List –PR) သို့မဟုတ် အခြား PR စနစ်တစ်မျိုးမျိုးကို ပြောင်းလဲကျင့်သုံးရန်၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် လွှတ်တော်အလိုက် ရွေးကောက် တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက် မပြောင်းလဲဘဲ မဲဆန္ဒနယ်များကို ပိုင်းခြား၍ ရွေးကောက်ရမည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ သတ်မှတ်ဆောင်ရွက်ရန်၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁(က) ပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်နှင့် ပုဒ်မ ၁၆၁(ခ)ပါ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ ရွေးကောက်တင်မြှောက်ရန်အတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ကိုသာ ဆက်လက်ကျင့်သုံးရန်၊

(င) Closed List –PR အတွက် နိုင်ငံရေးပါတီများက မိမိပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ ကြိုတင်တင်ပြရန်၊

(စ) မဲဆန္ဒရှင်များအနေဖြင့် မိမိမဲပေးလိုသည့်ပါတီနှင့် ၎င်းပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းများကို သိရှိနိုင်ရန် ပါတီအမည်အောက်တွင် ကိုယ်စားလှယ်လောင်းအမည်နှင့် ဓာတ်ပုံဖော်ပြထားသော ဗီနိုင်းပိုစတာများကို မဲရုံအဝင်ပေါက်အနီးတွင် ထားရှိပေးရန်၊

(ဆ) Closed List–PR စနစ်၏ မဲရေတွက်မှုနည်းလမ်းအရ ရိုးရှင်းလွယ်ကူသော လက်ကျန်မဲ အများဆုံးစနစ် (The Largest Remainder) ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်အလိုက် ခိုင်လုံမဲအပေါ် မူတည်၍ ကိုယ်စားလှယ်တစ်ဦး ရရှိရမည့် အနိမ့်ဆုံး အခြေခံမဲ (Threshold) သတ်မှတ်ရန်၊

(ဇ) PR စနစ်၏ ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများ ဖောင်းပွလာနိုင်မှုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့်သော်လည်းကောင်း၊ ညွှန်ကြားကြပ်မတ် ထိန်းကျောင်းခြင်းဖြင့်လည်းကောင်း ကန့်သတ်ရန်၊

(ဈ) ပြောင်းလဲကျင့်သုံးမည့် PR စနစ်ဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများ နားလည်သဘောပေါက်စေရန် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန်။

**လုပ်ငန်းစဉ်များ**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီအများစု ဘုံသဘောတူညီချက်အရ လွှတ်တော်ရွေးကောက်ပွဲများတွင် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်မှ အချိုးကျကိုယ်စားပြုစနစ်တွင် ပါဝင်သော Closed List – PR ကို ပြောင်းလဲကျင့်သုံးနိုင်ရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရမည်ဖြစ်သည်–

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၁၀၉၊ ပုဒ်မ ၁၄၁၊ ပုဒ်မ ၁၆၁ တို့ပါ လွှတ်တော်အသီးသီး ဖွဲ့စည်းခြင်း ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဂ) ပါ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဖြစ်သော မဲဆန္ဒနယ်များ သတ်မှတ်ခြင်းနှင့် ပြင်ဆင်သတ်မှတ်ခြင်းကို PR စနစ်နှင့် ကိုက်ညီသော မဲဆန္ဒနယ်များအဖြစ် ပြင်ဆင်သတ်မှတ်ရန်၊

(ခ) ဥပဒေနှင့်အညီ ဖြစ်စေရန် ပြောင်းလဲကျင့်သုံးမည့် PR စနစ်နှင့် လိုက်လျောညီထွေ ဖြစ်မည့် ပြင်ဆင်ရန် လိုအပ်သော လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ပြဋ္ဌာန်းခြင်း၊ နည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့် လုပ်ငန်းလမ်းညွှန်များ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) မဲဆန္ဒနယ်များ ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းပြုစုခြင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခြင်း၊ ပါတီကိုသာ ဆန္ဒပြုမဲပေးရသည့် Closed List – PR နှင့် ကိုက်ညီသော ဆန္ဒမဲလက်မှတ်အသုံးပြုခြင်း၊ မဲဆန္ဒနယ်အတွင်းနှင့် မဲဆန္ဒနယ်ပြင်ပ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ကြိုတင်ဆန္ဒမဲများ ရေတွက်ခြင်းနှင့် ကြေညာခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်း၊ မဲရုံအလိုက် မဲရလဒ်များ ရေတွက်ခြင်းနှင့် ကြေညာခြင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် ပေါင်းစည်းရေတွက်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတွင် မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ ပေါင်းစည်းရေတွက်ခြင်းနှင့် အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေအား တွက်ချက်ခြင်း၊ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် ကြေညာခြင်း၊ ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုတွဲများ တင်သွင်းခြင်းစသည့် ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲလွန်ကာလလုပ်ငန်းစဉ်များကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံဝန်ထမ်းများအား လေ့ကျင့်ပညာပေးခြင်း၊ မဲဆန္ဒရှင်ပြည်သူလူထုအား ရွေးကောက်ပွဲ အသိပညာပေးသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း။

အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရာတွင် ကိုယ်စားပြုမှု၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ ဥပဒေနှင့်ညီညွတ်မျှတမှုတို့ရှိလာမည့်အပြင် ပါတီများမှ ထောက်ခံတင်ပြထားသည့် စာရင်းပိတ်အချိုးကျ ကိုယ်စားပြုစနစ်အရ ပါတီအမည်ကိုမူတည်သည့် စနစ်ဖြစ်ရာ မဲဆန္ဒရှင်တို့က ပါတီကိုသာမဲပေးရမည်ဖြစ်ပြီး သက်ဆိုင်ရာပါတီက ကိုယ်စားလှယ် အမည်စာရင်းကို ဦးစားပေးအစီအစဉ်အတိုင်း ကော်မရှင်သို့ တင်ပြထားရသည့်စနစ်ဖြစ်သဖြင့် မဲပေးမည့် ပြည်သူလူထုအနေဖြင့် ယခင်ရွေးကောက်ပွဲများတွင် မဲပေးသည့်အတိုင်း ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မဲပေးရလွယ်ကူကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၏ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက “လွှတ်တော်ရွေးကောက်ပွဲများကို မဲအများဆုံးရသူအနိုင်ရသည့် (FPTP)စနစ်မှ အချိုးကျကိုယ်စားပြုစနစ် (PRs)သို့ ပြောင်းလဲဆောင်ရွက်နိုင်ရန် ယခုဆွေးနွေးချက်များအပေါ် မူတည်၍ မိမိနိုင်ငံနှင့်သင့်လျော်ပြီး ဥပဒေနှင့်လည်း ညီညွတ်မှုရှိစေရန်အတွက် ပြင်ဆင်ရန်လိုအပ်သည့် ဥပဒေများကိုပြင်ဆင်နိုင်ရန် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း”၊ “လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပဆောင်ရွက်ရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအားလုံးပူးပေါင်း ဆောင်ရွက်မှ အောင်မြင်မှာဖြစ်ကြောင်း”၊ “ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုပ်ဖော်ကိုင်ဖက်နိုင်ငံရေးပါတီများနှင့် လက်တွဲပြီး လာမည့်ရွေးကောက်ပွဲကို တိုင်းရင်းသားလူမျိုးစုများ၊ နိုင်ငံရေးပါတီငယ်များ၊ ယင်းတို့ကို ထောက်ခံသည့်ဆန္ဒမဲများအရ ပါဝင်လာနိုင်ပြီး မျှမျှတတမှန်မှန်ကန်ကန်ဖြင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များ ရွေးချယ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ပြောကြားခဲ့ပါသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည့် ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းတွင် “နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ နောက်ဆုံးလုပ်ငန်းစဉ်က လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနဲ့အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်အတွက် ကျွန်တော်တို့ဟာ လွတ်လပ်တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ဖို့ အခြေအနေတွေဖန်တီးပေးရပါမယ်။ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ကြရပါမယ်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေလုပ်မယ်ဆိုတာ ကတိပြုပါတယ်”ဟု ပြောကြားခဲ့ပြီး ၂၀၂၃ ခုနှစ် ဩဂုတ်တွင် ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းကို ထည့်သွင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်ရန် သေချာပါသည်။ လာမည့်ရွေးကောက်ပွဲကိုအချိုးကျကိုယ်စားပြုစနစ်ဖြင့် ပြောင်းလဲကျင်းပရန် အဆင်သင့်အနေအထား ဖြစ်နေတာကိုလည်း တွေ့နေရပါသည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ နိုင်ငံတည်ငြိမ်အေးချမ်းမှုအပေါ် မူတည်နေတာမို့ ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ခေတ်ကာလအခြေအနေ၏ တောင်းဆိုချက်များအရ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို အနာဂတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် အရေးပါသည့် အချိုးကျကိုယ်စားပြုစနစ် (PRs) သို့ ရဲရဲဝံ့ဝံ့ပြောင်းလဲကျင်းပပြီး တိုင်းရင်းသားလူမျိုးစုငယ်များအကျိုး၊ ပြည်သူလူထုအများစု ကောင်းကျိုး၊ အနာဂတ် မြန်မာနိုင်ငံတော်ကြီး၏ အကျိုးတို့ကို မျှော်မှန်းကာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အကောင်းဆုံး ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး မြန်မာဘာတွေဆောင်ရွက်နေသလဲ ဘယ်သူတွေက နှောင့်နှေးအောင် နှောင့်ယှက်ဖန်တီးနေသလဲ

မင်းခေါင်

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် မြန်မာ–တရုတ်–ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် သံတမန်ဆွေးနွေးပွဲများ ကျင်းပ၍ လည်းကောင်း၊ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများကျင်းပ၍ လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအပါအဝင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီလေးခုဖွဲ့စည်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး

၁၄–၆–၂၀၂၂ ရက်က ကျင်းပခဲ့သော ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ–ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဥ္စမအကြိမ်အစည်းအဝေးတွင် နေရပ်စွန့်ခွာသူများအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ဆောင်ရွက်နေမှု အခြေအနေနှင့် ကြုံတွေ့ရသည့်အခက်အခဲများ ဖြေရှင်းနိုင်ရေး၊ စိစစ်ပြီး နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်း စတင်နိုင်ရန်အတွက် အစီအမံများပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများ၊ ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်နေရာချထားရေးအစီအမံများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများ မိမိဆန္ဒအလျောက် နေရပ်ပြန်စေရေးအတွက် ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းများစသည့်ကိစ္စရပ်တို့ကို နှစ်ဖက်ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရာတွင် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသော သဘောတူညီချက်များနှင့်သာမက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လက်ခံနိုင်ရေး၊ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်ရာတွင် ဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကို အဖြေရှာနိုင်ရန်အတွက် ဖွဲ့စည်းထားပြီးဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် စိစစ်ရေးလုပ်ငန်းစဉ်ဆိုင်ရာ မြန်မာ–ဘင်္ဂလားဒေ့ရှ် အထူးအဖွဲ့အကြား ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းနှင့် နေရာချထားပေးမည့်ကျေးရွာများရှိ နေအိမ်များကို ပြန်လည်မွမ်းမံပြင်ဆင်နေမှု အခြေအနေများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု ပေးအပ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကောင်းမွန်သည့်ပတ်ဝန်းကျင်ဖန်တီးပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် မိတ်ဖက်နိုင်ငံများ၊ အာဆီယံနှင့်ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

> ❑ **မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရာတွင် ၁၉၉၂ ခုနှစ်၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီခဲ့သည့် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများဖြစ်ရန်၊ မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူများ၊ မြန်မာနိုင်ငံတွင် နေထိုင်သည့် သက်သေအထောက်အထားပြနိုင်သူများဖြစ်ရန် စသည့်အချက်လေးချက်အပြင် မွေးဖွားခဲ့သူများအနေဖြင့် တရားရုံးမှထောက်ခံချက်များပါရှိရန်ဟူသည့် ၂၀၁၇ ခုနှစ်က ထပ်တိုးအချက်တစ်ချက်အပါအဝင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့**
>
> ❑ **ထိုသို့ မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့အကြား သဘောတူညီမှုများအရ Pilot Project အနေဖြင့် နေရပ်စွန့်ခွာသူဦးရေ ၁၀၀၀ ကျော်ကို နေရပ်သို့ ပြန်လည်ခေါ်ယူနိုင်ခဲ့**

### ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

မြန်မာနိုင်ငံသည် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရာတွင် ၁၉၉၂ ခုနှစ်၌ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီခဲ့သည့် မိမိဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများဖြစ်ရန်၊ မြန်မာနိုင်ငံတွင် မွေးဖွားခဲ့သူများ၊ မြန်မာနိုင်ငံတွင် နေထိုင်သည့် သက်သေအထောက်အထားပြနိုင်သူများဖြစ်ရန် စသည့်အချက် လေးချက်အပြင် မွေးဖွားခဲ့သူများအနေဖြင့် တရားရုံးမှထောက်ခံချက်များပါရှိရန်ဟူသည့် ၂၀၁၇ ခုနှစ်က ထပ်တိုးအချက်တစ်ချက် အပါအဝင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့အကြား သဘောတူညီမှုများအရ Pilot Project အနေဖြင့် နေရပ်စွန့်ခွာသူဦးရေ ၁၀၀၀ ကျော်ကို နေရပ်သို့ ပြန်လည်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် နေရပ်စွန့်ခွာသူများစာရင်းနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တောင်းခံရာ၌မူ နှစ်နိုင်ငံအကြား သဘောတူညီထားသည့်ပုံစံအတိုင်း ပေးအပ်ခြင်းမရှိဘဲ ၎င်းတို့ ပေးအပ်လိုသည့်ပုံစံဖြင့်သာ စာရင်းများ ပေးအပ်လာသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်စိစစ်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း သိရသည်။ နေရပ်စွန့်ခွာသူများအနေဖြင့်လည်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်း မရှိတော့ချေ။

မြန်မာနိုင်ငံဘက်က ယင်းကိစ္စရပ်အား အချိန်မရွေးပြန်လည်ဆွေးနွေးပေးရန် အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် အကြောင်းအမျိုးမျိုးပြ၍ ဆက်လက်ဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း သိရသည်။

### “ရိုဟင်ဂျာ”ဆိုသည့်အသုံးအနှုန်း

အဓိကပြဿနာမှာ မြန်မာနိုင်ငံ၏ ဥပဒေနှင့် သမိုင်းကြောင်း၌ မည်သည့်အခါကမျှမရှိခဲ့ဘဲ ပြည်သူများက အသိအမှတ်မပြုသည့် “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းဖြစ်သည်။ မြန်မာအစိုးရနှင့် ပြည်သူများသည် “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်မပြု လက်မခံပါ။ ယင်းအမည်သည် သမိုင်းအထောက်အထားများတွင်မရှိဘဲ ဥပဒေကြောင်းအရလည်း သုံးစွဲမှုမရှိပါ။ ယင်းအမည်သုံးစွဲသူများသည် နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် သုံးစွဲနေကြခြင်း ဖြစ်သည်။

အမေရိကန်အပါအဝင် အနောက်နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့ကလည်း မြန်မာနိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လူ့အခွင့်အရေး၊ လူသားချင်းစာနာမှုခေါင်းစဉ်အောက်မှ သံယောင်လိုက်၍ပြောဆို၊ ထုတ်ပြန်သုံးနှုန်းလာသည်။

ယခုရက်ပိုင်း ၁၆–၁၁–၂၀၂၂ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပခဲ့သည့် (၇၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီအစည်းအဝေးတွင် “မြန်မာနိုင်ငံရှိ ‘ရိုဟင်ဂျာ’ ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ” ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းမရှိဘဲ အတည်ပြု ချမှတ်ခဲ့ပြန်သည်။

ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဖက်သတ်စွပ်စွဲချက်များအပေါ် အခြေခံပြီး နိုင်ငံရေးသဘောသက်ဝင်သည့် နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထားချမှတ်သော ယခုဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

### ကန့်ကွက်ပယ်ချကြောင်း ထုတ်ပြန်ချက်

အဆိုပါ ကန့်ကွက်ပယ်ချကြောင်း ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေနှင့် မြန်မာ–ဘင်္ဂလားဒေ့ရှ် အကြား နှစ်နိုင်ငံအစီအစဉ်များနှင့်အညီ ရခိုင်ပြည်နယ်မှ အမှန်တကယ်နေရပ်စွန့်ခွာသူများအဖြစ် အတည်ပြုနိုင်သူများကိုစိစစ်လက်ခံရန် အဆင်သင့်ရှိကြောင်း၊ အခြားနိုင်ငံများနည်းတူ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်မှတစ်ဆင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် ကိုက်ညီသူများကို နိုင်ငံသားအဖြစ် ခွင့်ပြုလျက်ရှိကြောင်း၊ သို့သော် ဥပဒေအရ လည်းကောင်း၊ သမိုင်းမှတ်တမ်းများအရ လည်းကောင်း မည်သည့်အခါကမျှမရှိခဲ့သော “ရိုဟင်ဂျာ”ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ထပ်လောင်းဖော်ပြခဲ့သည်။

အမှန်တကယ်အားဖြင့်လည်း ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီအစည်းအဝေး၏ အဆိုပါ ဆုံးဖြတ်ချက်အဆိုသည် နေရပ်စွန့်ခွာသူများ လုံခြုံဘေးကင်းစွာ ပြန်လာနိုင်ရေးအတွက် အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်မဟုတ်ပါ။ အဖြေမှန်တစ်ခုမဟုတ်သလို မြန်မာနိုင်ငံအတွက်လည်း ထူးဆန်းသည့်ကိစ္စမဟုတ်တော့ပါ။

### အခြေအမြစ်မရှိသည့် စွပ်စွဲချက်များ

ရခိုင်ပြည်နယ်တွင် ၂၅–၈–၂၀၁၇ ရက်က ပေါ်ပေါက်ခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ၊ အဖွဲ့အစည်းအချို့နှင့် နိုင်ငံအချို့က နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကြေညာချက်များ ထုတ်ပြန်လေ့ရှိသည်။ ထုတ်ပြန်သည့်အခါတိုင်း မှန်ကန်မှုမရှိ၊ တိကျမှုမရှိသည့် အချက်အလက်များ၊ အခြေအမြစ်မရှိသည့် ထပ်တလဲလဲစွပ်စွဲချက်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုစွက်ဖက်ခြင်း၊ ဘက်လိုက်မှုရှိခြင်း၊ တစ်ဖက်သတ်ဆန်ခြင်းများကိုသာ တွေ့ရမည်ဖြစ်သည်။

တကယ်တော့ ရခိုင်ပြည်နယ်တွင် ၂၅–၈–၂၀၁၇ ရက်က စတင်ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ်သည် ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း(Security Outposts) ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုကို တစ်ပြိုင်တည်းတိုက်ခိုက်ခဲ့ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် အပြစ်မဲ့အရပ်သားများ သေဆုံးဒဏ်ရာရခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ၏ လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက်လိုအပ်သည့် အရေးယူတုံ့ပြန်မှုများကို တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

### မမှန်မကန်ချဲ့ကားမှုများရှိ

ယင်းဖြစ်စဉ်ကြောင့် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသူများဖြစ်ရန် ARSA အကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ARSA ၏ အကြမ်းဖက်ခြိမ်းခြောက်မှုကြောင့် ထွက်ခွာခဲ့သည့်ဦးရေ ဖော်ပြရာတွင်လည်း မမှန်မကန်ချဲ့ကားမှုများ ရှိခဲ့သည်။

အမေရိကန်အပါအဝင် နိုင်ငံအချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းအချို့ကလည်း မူလဘူတ ပေါ်ပေါက်ခဲ့သော ဖြစ်စဉ်ကို မျက်ကွယ်ပြုနေရုံမက ARSA အကြမ်းဖက်အဖွဲ့နှင့် အကြမ်းဖက်လှုပ်ရှားမှုများကို မျက်စိစုံမှိတ်၍ အိပ်ချင်ယောင် ဆောင်နေခဲ့ကြသည်။ သို့သော် ARSA သည် ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်တွင် ၎င်းတို့၏ ဖြစ်တည်မှုနှင့် တည်ရှိမှုကို ပေါ်ပေါ်ထင်ထင် ကိုယ်ထင်ပြလာခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းရှိ နေရပ်စွန့်ခွာသူများနေထိုင်ရာ ဒုက္ခသည် စခန်းများအတွင်း၌ ARSA အဖွဲ့၏ (၆) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကျင်းပခဲ့ရုံမက

*စာမျက်နှာ ၁၁ သို့*

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂၄

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ အောင်မင်းဆက်ဝေသည် ၎င်းအသုံးပြုသည့် “Aung Min Satt Wai” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ရွာတော်ကျေးရွာနေ မောင်ဝင်းသည် ၎င်းအသုံးပြုသည့် “U Maung Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက် အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားSမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် SHWE Phase 3 Development Project အရ Pre Construction Survey လုပ်ငန်းများအား MV. HAILEY SARAH ဖြင့် Pre Construction Survey ဆောင်ရွက်သွားမည့်တည်နေရာကိုဖော်ပြသည့် Coordinate များ ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၁.၆၃၄၃၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၅.၂၃၆၈၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၈၅၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၁၆၅၇၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀.၇၀၅၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၇.၀၉၇၄၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၁၉.၂၁၀၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၂ မိနစ် ၃၆.၄၂၅၁၃ စက္ကန့် တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 ဧရိယာတွင် SHWE Phase 3 Development Project အရ Pre Construction Survey လုပ်ငန်းများအား MV. HAILEY SARAH ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

အခမ်းအနားနှင့်သက်ဆိုင်သော ဓာတ်ပုံနှင့် ဗီဒီယိုများကိုလည်း လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် ဖြန့်ဝေခဲ့သည်။ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သော (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ ကျင်းပမှုကို “Happy Day”ဟု ခေါ်ဝေါ်ပြီး ကော့ခ်ဆက်ဘဇား ဒေသတစ်ဝိုက်ရှိ ဒုက္ခသည်စခန်းများတွင် ၎င်းတို့၏ တည်ရှိမှုကို ARSA အကြမ်းဖက် လက်နက်ကိုင်အဖွဲ့က ပထမဆုံး အကြိမ် ပွင့်လင်းစွာ ဖော်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပသည့် ဗီဒီယိုဖိုင်များတွင် ကော့ခ်ဆက်ဘဇား ဒုက္ခသည်စခန်းများအတွင်းရှိ လူအများသည် တီရှပ်များဝတ်ဆင်၍ ဆိုင်းဘုတ်များနှင့်စာတန်းများကို ကိုင်ဆောင် ချိတ်ဆွဲကာ “Oct. 9 is What day? Happy Day, Happy Day”ဟု အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။

အခြားဗီဒီယိုဖိုင်တစ်ခုတွင် စားပွဲပေါ်၌ ကိတ်မုန့်တစ်လုံးတင်ထားပြီး တီရှပ်ဆင်တူဝတ်ဆင်ထားသည့် လူများက ဝန်းရံထားကြသည့် ဗီဒီယိုတွင် ရုပ်ပါဝင်ခြင်းမရှိသူတစ်ဦးက “အောက်တိုဘာလ ၉ ရက်နေ့သည် ARSA က မြန်မာအာဏာရှင်အစိုးရကို တိုက်ခိုက်နိုင်ပြီး ရိုဟင်ဂျာပြည်သူများကို ဖိနှိပ်မှုများမှလွတ်မြောက်စေသည့်နေ့ဖြစ်သည်” ဟု ပြောကြားခဲ့သည်။

ARSA အဖွဲ့ကို ၂၀၁၃ ခုနှစ်တွင် Harakah al-Yaqin အမည်ဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ARSA အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

> **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ရောက်ရှိနေသော ဒုက္ခသည်များကို မြန်မာနိုင်ငံ၏ဥပဒေအရ ပြန်လည် စိစစ်လက်ခံပေးသွားမည်ဖြစ်ပြီး ဥပဒေအရဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာ မှတစ်ဆင့် တောင်းဆို၍ လုပ်ဆောင်ခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ မိမိတို့အနေ ဖြင့် ဘင်္ဂါလီများကို လုံးဝလက်ခံနိုင်ခြင်းမရှိဟု ပြောကြားနေခြင်းမဟုတ်ဘဲ ၎င်းတို့အနေဖြင့်မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခဲ့သည့် အထောက်အထားပြသ နိုင်မည်ဆိုလျှင် လက်ခံပေးသွားမည်ဖြစ်ကြောင်းဆွေးနွေး**

အဆိုပါဓာတ်ပုံနှင့် ဗီဒီယိုများ လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြခဲ့ပြီးနောက် ရိုဟင်ဂျာဆိုသူ လူနှစ်ဦးကို ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း၊ အခြားပါဝင်သူများအားလည်း လိုက်လံရှာဖွေလျက်ရှိကြောင်း ကြားသိရသည်။

လုံခြုံရေးအခြေအနေအရ အမည်ဖော်ပြုလိုခြင်းမရှိသည့် အူခီးရားဒုက္ခသည်စခန်းမှ ခေါင်းဆောင်တစ်ဦးက ယခုကဲ့သို့ ဖြစ်စဉ်သည် ကော့ခ်ဆက်ဘဇားဒေသအတွင်း၌ ARSA အဖွဲ့ဝင်များတည်ရှိမှုကိုတွေ့မြင်ရခြင်းဖြစ်ကြောင်း၊ အစောပိုင်းက ၎င်းတို့သည် အစည်းအဝေးများကို လျှို့ဝှက်ကျင်းပကြကြောင်း၊ ယခုအခါတွင် ပေါ်ပေါ်ထင်ထင်ပြုလုပ်လာခြင်းဖြစ်ပြီး ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြလာခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဘက်မှလည်း အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက် စခန်းများ၌ လုံခြုံရေးပိုမိုတိုးမြှင့်ထားကြောင်း ပြောကြားခဲ့သည်။

ဒုက္ခသည် စခန်းများအတွင်း၌ မြန်မာနိုင်ငံသို့ နေရပ်ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်ကို လိုလားသည့် ခေါင်းဆောင်များကလည်း ယခုကဲ့သို့ ARSA ၏ ကျင်းပမှုများသည် ပြန်လည်ပို့ဆောင်ရေး လုပ်ငန်းစဉ်များကို နှောင့်နှေးစေမည်ဟု စိုးရိမ်မှုဖြင့် စောဒကတက်လျက်ရှိကြောင်း ကြားသိရသည်။

မြန်မာအစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ စနစ်တကျလက်ခံရေးကို နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့ ပြီးခဲ့သည့် ဩဂုတ် ၁၇ ရက်က တွေ့ဆုံ ဆွေးနွေးခဲ့စဉ်ကလည်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည် လက်ခံရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က “ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသော ဒုက္ခသည်များကိုမြန်မာနိုင်ငံ၏ဥပဒေအရ ပြန်လည်စိစစ်လက်ခံပေးသွားမည်ဖြစ်ပြီး ဥပဒေအရ ဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတကာမှ တစ်ဆင့် တောင်းဆို၍ လုပ်ဆောင်ခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ မိမိတို့အနေဖြင့် ဘင်္ဂါလီများကို လုံးဝ လက်ခံနိုင်ခြင်းမရှိဟု ပြောကြားနေခြင်း မဟုတ်ဘဲ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင်တရားဝင်နေထိုင်ခဲ့သည့် အထောက်အထားပြသနိုင်မည်ဆိုလျှင် လက်ခံပေးသွားမည်ဖြစ်ကြောင်း” ဆွေးနွေး ပြောကြားခဲ့ပါသည်။

သို့ဆိုလျှင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး အတွက် မြန်မာဘာတွေဆောင်ရွက်နေသလဲ၊ ဆောင်ရွက်ခဲ့သလဲ၊ ဘယ်သူတွေက နိုင်ငံရေးရည်ရွယ်ချက်ဖြင့် နှောင့်နှေးအောင် နှောင့်ယှက်ဖန်တီးနေသလဲဆိုသည်ကို အမှန်တကယ် လူသားချင်းစာနာမှုအရ ကြည့်သောသူ မြင်နိုင်ပါ၏။ ။

# အထူးခြားဆုံးသီချင်းကတော့ မြန်မာပြည်သားသီချင်းဖြစ်ပါတယ်။ ဒီသီချင်းကို ၁၉၇၀ ပြည့်နှစ်မှာ ရေးခဲ့တော့ အခုဆို နှစ် ၅၀ ကျော်ပြီ။ ကြက်သီးမွေးညင်းထတဲ့အထိ ကောင်းတဲ့သီချင်းဖြစ်ပါတယ်။

**ရေနံ့သာဝင်းမောင်**


ဦးငွေအောင်


ဦးမိုးဒီ


ဦးကိုကိုလေး (ခ) ရန်ကင်းကိုကိုလေး


ရေနံ့သာဝင်းမောင်


ဦးအေးမြင့်ကြူ


ဒေါ်နုနုစိန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဖွဲ့၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြသော နိုင်ငံခြားခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များနှင့် ပုဂ္ဂိုလ်များကို ထိုက်တန်သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ပြီဖြစ်သည်။

ထို့သို့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များ၏ ဝမ်းသာပီတိစကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

**ဦးငွေအောင်**
**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**
**နာယက၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

ကျွန်တော် ရရှိခဲ့တဲ့ဆုကတော့ လူမှုထူးချွန်ဆု (ပထမဆင့်) ဖြစ်ပါတယ်။ အခုလို နိုင်ငံတော်ကနေ ချီးမြှင့်တဲ့အတွက် ကျွန်တော်တို့လို အနုပညာသမားတွေ ဝမ်းသာရပါတယ်။ ၁၉၅၄ ခုနှစ်မှာ ရုပ်ရှင်ထဲကို စရောက်ခဲ့ပါတယ်။ အခုဆိုရင် ရုပ်ရှင်သက် ၆၈ နှစ် ရှိပါပြီ။ အသံတိတ်ကစပြီး အသံစုံသွင်း၊ အသံထွက်ရိုက်ကူးတဲ့အထိ ရုပ်ရှင်နဲ့ပတ်သက်ပြီး အများကြီးလုပ်ခဲ့ပါတယ်။ ရုပ်ရှင်ကားတစ်ကားမှာ သရုပ်ဆောင်တွေ ကောင်းတာထက် Photography ကောင်းဖို့၊ အသံကောင်းဖို့က အရေးကြီးလာတော့ ကျွန်တော်ကုမ္ပဏီပိုင်ရှင်ဖြစ်လာတဲ့အခါ ဒီတာဝန်တွေဘက်ကို ရောက်သွားပါတယ်။ အဲဒီဘက်ကို ရောက်သွားတဲ့အတွက် သရုပ်ဆောင်တဲ့ဘက်မှာ နည်းသွားပါတယ်။ ခေါင်းဆောင်မင်းသား၊ ဒုတိယမင်းသားအနေနဲ့ ၁၂ ကား၊ ဒါရိုက်တာက ကိုးကား၊ တွဲဖက်က ခြောက်ကား ရိုက်ခဲ့ပါတယ်။

၁၉၅၆ ခုနှစ် မြန်မာပြည်မှာ ပထမဆုံး ရွှေတိဂုံသမိုင်းကို Cinema Scope ထွင်ခဲ့ပါတယ်။ အနုပညာနဲ့ပတ်သက်ရင် ဇာတ်လမ်းပမာ နားဆင်စရာ ဇာတ်လမ်းတွေမှာလည်း ဝင်လုပ်ခဲ့ဖူးပါတယ်။ အခုနောက်ပိုင်းမှာ ယဉ်ကျေးမှုတက္ကသိုလ်မှာ ပါမောက္ခ၊ ရုပ်ရှင်နဲ့ ပြဇာတ်ဌာနမှာ ၂၀၀၅-၂၀၀၆ ခုနှစ်မှာ လုပ်ပါတယ်။ ၂၀၀၆ ခုနှစ်ကစပြီး ဒီနေ့အထိ ကျွန်တော် ပါမောက္ခလုပ်တဲ့အပြင် ရန်ကုန်မြို့မှာဖွင့်တဲ့ သရုပ်ဆောင်သင်တန်း ၁၂ ခုမှာ အလှည့်ကျလိုက်ပြီး သင်ပေးနေပါတယ်။ ကျွန်တော် အသက်အခုဆို ၉၁ နှစ် ရှိပါပြီ။ အခုလို ဆုရတဲ့အတွက် ဝမ်းသာပါတယ်။ နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကြိုးစားခဲ့သလောက် အခုလိုထိုက်ထိုက်တန်တန် ဆုရလို့ ဝမ်းသာပါတယ်။

**ဦးမိုးဒီ**
**အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**
**ဇာတ်ပို့ဟာသ သရုပ်ဆောင်**

ကျွန်တော် ၁၄ နှစ်သားကနေ အနုပညာလောကကို စရောက်ပြီး ကြိုးစားလာခဲ့တာ အခုဆို အသက် ၇၅ နှစ် ရှိပါပြီ။ ကျွန်တော်ရဲ့ အနုပညာကို အသိအမှတ်ပြုပြီး အနုပညာထူးချွန်ဆု ရရှိခဲ့တယ်လို့ သိရပါတယ်။ မျှော်လင့်မထားခဲ့ပါဘူး။ မမျှော်လင့်ဘဲ ရရှိသွားတဲ့သူတွေလည်း ရှိပါတယ်။ မိမိဝါသနာပါတဲ့ အလုပ်ကိုလုပ်ရင်းနဲ့ ဒီအလုပ်ကပဲ အသက်မွေးဝမ်းကျောင်းဖြစ်ပြီး ဒီလမ်းပေါ်မှာ ဆက်လျှောက်ခဲ့ပါတယ်။ အပတ်တကုတ် ကြိုးစားအားထုတ်ပြီး ပရိသတ်အတွက် ပြုံးဖို့၊ ရယ်ဖို့၊ ပျော်ဖို့ အဓိကထား ကြိုးစားလုပ်ဆောင်ခဲ့တဲ့ ကျွန်တော့်အနုပညာကို ထူးချွန်ဆုပေးတယ်ဆိုတော့ ကျွန်တော့်ရင်ထဲမှာ ပျော်ပါတယ်။ ကျွန်တော်တို့အလုပ်နဲ့ ရည်ရွယ်ချက်က ပရိသတ်တွေ၊ လူသားတွေအားလုံး ပြုံးဖို့၊ ပျော်ဖို့၊ ရယ်မောဖို့အတွက် အမြဲကြိုးစားနေရမှာဖြစ်ပါတယ်။ နောက်ဆုံးထွက်သက်အထိ ကြိုးစားသွားပါမယ်။

**ဦးကိုကိုလေး (ခ) ရန်ကင်းကိုကိုလေး**
**အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)**
**တေးရေးပညာရှင်**

ကျွန်တော့်ကို နိုင်ငံတော်က ချီးမြှင့်တာကတော့ အနုပညာထူးချွန်တံဆိပ် (တတိယဆင့်) ဖြစ်ပါတယ်။ ဒီဆုကို ဘာလို့ရလဲဆိုတော့ ၁၉၆၂ ခုနှစ်ကစပြီး နိုင်ငံအကျိုးပြု တေးသီချင်းများစွာကို ရေးသားခဲ့ပါတယ်။ အမျိုးသားအောင်ပွဲနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ အလုပ်သမားနေ့နဲ့ လယ်သမားနေ့ စတဲ့နေ့တွေရဲ့ ဂုဏ်ပြုတေးသီချင်းများစွာကို ရေးခဲ့ပါတယ်။ အဲဒီခေတ်တုန်းကရှိခဲ့တဲ့ ရွှေဝါမြေစစ်ဆင်ရေး၊ မြစိမ်းရောင် စစ်ဆင်ရေးစတဲ့ စစ်ဆင်ရေးတွေ ကျင်းပပြီး တောင်သူလယ်သမားတွေရှိတဲ့ ကျေးလက်တွေ၊ လယ်ယာတွေကို ဆင်းပြီး ကောက်စိုက်လုပ်အားပေးနဲ့ ကောက်ရိတ်ပွဲတွေကို ကူညီကြတဲ့ တပ်မတော်သားတွေအတွက် အနုပညာရှင်တွေကို စည်းရုံးပြီး ဖျော်ဖြေရေးတွေ ကျင်းပပေးခဲ့ပါတယ်။ ကျွန်တော်ရေးခဲ့ပြီး အဆိုတော် စိမ်းမိုမိုဆိုခဲ့တဲ့ မြစိမ်းရွှေဝါရောင်ဆိုတဲ့ သီချင်းက တောင်သူလယ်သမားတွေကို အကျိုးပြုတဲ့ သီချင်းဖြစ်ပါတယ်။ အလုပ်သမား၊ လယ်သမားတွေကို အကျိုးပြုတဲ့ တေးသီချင်းပေါင်းများစွာ ရေးခဲ့တဲ့အပြင် ပဒေသာကတွေပွဲမှာ ဇာတ်လမ်းတွေ ရေးသားစီစဉ်တင်ဆက်ခဲ့ပါတယ်။ အဲဒီလို စီစဉ်တင်ဆက်ပေးတဲ့ လုပ်ငန်းတွေကို နှစ်ရှည်လများ ဆောင်ရွက်ပေးခဲ့ပါတယ်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ အဓိကကျတဲ့ နေ့ထူးနေ့မြတ်မှာ အခုလို ဂုဏ်ပြုဆုချီးမြှင့်ခံရတဲ့အတွက် အထူးဂုဏ်ယူမိပါတယ်။

**ရေနံ့သာဝင်းမောင်**
**အနုပညာထူးချွန်တံဆိပ်(တတိယဆင့်)**
**တေးရေးပညာရှင်**

ကျွန်တော် မြန်မာ့အသံရေဒီယိုခေတ် ၁၉၆၉-၁၉၇၀ ပြည့်နှစ်ကစပြီး သီချင်းတွေကိုရေးခဲ့တာ နှစ် ၅၀ ကျော်ရှိပါပြီ။ ရေးခဲ့တဲ့သီချင်းတွေက အခုချိန်ထိ ပရိသတ်ရင်ထဲမှာရှိနေကြပြီး ပြန်လည်ဆိုနေကြတုန်းပါ။ အဲဒီထဲမှာ အထူးခြားဆုံးသီချင်းကတော့ မြန်မာပြည်သားသီချင်းဖြစ်ပါတယ်။ ဒီသီချင်းကို ၁၉၇၀ ပြည့်နှစ်မှာ ရေးခဲ့တော့ အခုဆို နှစ် ၅၀ ကျော်ပြီ။ ခေတ်တွေပြောင်းလဲလာတဲ့တိုင် ဒီသီချင်းက အံ့ဝင်၊ ဘောင်ဝင်နေပါသေးတယ်။ ဒီသီချင်းကို အမြဲတမ်းသုံးနေကြတယ်။ သီချင်းကို ကြားတဲ့သူတွေရဲ့ ရင်ထဲစိတ်ထဲမှာ စိတ်ဓာတ်တွေ တက်ကြွပြီး ကြက်သီးမွေးညင်းထတဲ့အထိ ကောင်းတဲ့သီချင်းဖြစ်ပါတယ်။ ဒီသီချင်းကိုရေးခဲ့တဲ့ သီချင်းရေးဆရာ တစ်ယောက်အနေနဲ့ ဘာမှအသိအမှတ်ပြုမခံရတဲ့အတွက် ခံစားခဲ့ရပါတယ်။ အခုတော့ အဲဒီလို ခံစားခဲ့တာတွေ ပြေသွားပါပြီ။ ကွယ်လွန်သွားတဲ့ ဂီတနောင်တော်ကြီးအတွက် ပိုပြီးဝမ်းသာပါတယ်။ သူတို့ကတော့ သူတို့ရတယ်ဆိုတာ မသိတော့ပေမယ့် ဒီခေတ်မှာ အသိအမှတ်ပြုခံရတယ်၊ ဂုဏ်ပြုခံရတယ်ဆိုတာ ကျွန်တော်တို့ ကျန်ခဲ့တဲ့သူက သူတို့အတွက် ပိုပြီး ဂုဏ်ယူရမှာပါ။ ကျွန်တော်တို့ရတာလည်း ကိုယ့်လုပ်ခဲ့တဲ့အပေါ်မှာ ထိုက်တန်တဲ့ဆုလို့ပဲ ခံယူပါတယ်။ ကျေနပ်ပီတိဝမ်းသာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးအေးမြင့်ကြူ၊ သီရိပျံချီဘွဲ့**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**ယဉ်ကျေးမှုဝန်ကြီးဌာန**

ဒီနှစ် ၂၀၂၂ ခုနှစ်မှာ အမျိုးသားနေ့ကို အကြောင်းပြုပြီးတော့ ၂၀၁၁ ကနေ ၂၀၂၀ အထိ တာဝန်ထမ်းဆောင်ခဲ့တဲ့ သူတွေအပေါ်မူတည်ပြီး သီရိပျံချီဘွဲ့ ပေးတာဖြစ်ပါတယ်။ အဲဒီတော့ ဒီပေါ်မှာ ဘယ်လိုမျိုး ခံစားရသလဲ၊ မုဒိတာပွားသလဲဆိုတဲ့ တစ်ဆင့်ထပ်ပြီးတော့ တွေးမယ်ဆိုရင် ကိုယ်လုပ်ဆောင်ခဲ့တဲ့အပေါ်မှာ မျှော်မှန်းချက်တွေ ဘာရမှ၊ ညာရမှ၊ ရာထူး၊ ဂုဏ်၊ ငွေ ရမှဆိုတာ မရှိခဲ့ပါဘူး။ တာဝန်ထမ်းဆောင်ခဲ့တဲ့အချိန်မှာ စည်းကမ်းလိုက်နာမယ်။ တာဝန်ပြီးမြောက် အောင်မြင်မယ်ဆိုရင်တော့ နိုင်ငံတော်က ကိုယ့်ကိုမကြည့်ဘဲ မနေပါဘူး။ တစ်ခုတော့ရှိတယ် အကုန်လုံးက အဲဒီလိုမျိုး ကြိုးစားပမ်းစားလုပ်ကြတဲ့အချိန်မှာ မလွဲမရှောင်သာ ကံကြောင့်လွဲသွားတဲ့သူတွေလည်းရှိမှာပါ။

ကိုယ်ကတော့ အဲဒီလိုမျိုးမဟုတ်ဘဲနဲ့ သီရိပျံချီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရတယ်ဆိုတော့ တော်တော်ဝမ်းသာပါတယ်။ ဘာလို့လည်းဆိုတော့ မျှော်လင့်မထားပါဘူး။ သမ္မတကြီး ဦးသိန်းစိန် အစိုးရတုန်းက ဝဏ္ဏကျော်ထင်ဘွဲ့ရခဲ့ဖူးပါတယ်။ အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကိုယ်ထမ်းဆောင်ခဲ့တဲ့အပေါ်မှာ အသိမှတ်ပြုပေးတာကို မမျှော်လင့်ဘူးဆိုပေမယ့်လည်း ရသွားတော့ ဝမ်းသာရပါတယ်။ ဒါကို ရရစေတော့ ရယ်လို့မဟုတ်ဘဲ ကြိုးစားခဲ့မှုကို ချီးမြှင့်ပေးခဲ့တဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကိုယ်ကိုယ်တိုင်လည်း ဂုဏ်ယူပီတိဖြစ်ရပါတယ်။ ကိုယ့်လိုမျိုး အခြားရရှိသွားတဲ့ ချီးမြှင့်ခံရတဲ့ သူတွေအတွက်လည်း ဝမ်းသာပီတိဖြစ်ပါတယ်။ ချီးမြှင့်ခြင်း မခံရသော်လည်း ဆက်လက်တာဝန်ထမ်းဆောင်မယ့် နိုင်ငံသားတွေ၊ လူငယ်တွေအနေနဲ့ ရှေ့ကသူတွေရဲ့ အောင်မြင်မှုတွေ၊ အခြားသောသူတွေရဲ့ အောင်မြင်မှုတွေကို မုဒိတာထားပြီး ကိုယ်ကိုယ်တိုင်ကြိုးစားပြီး ဆောင်ရွက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်နုနုစိန်၊ ဝဏ္ဏကျော်ထင်ဘွဲ့**
**ပါမောက္ခဌာနမှူး (ငြိမ်း)**
**အမျိုးသားယဉ်ကျေးမှုနှင့်**
**အနုပညာတက္ကသိုလ်(ရန်ကုန်)**

ကျွန်မအနေနဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ကို ရရှိလိမ့်မယ်လို့ မထင်ခဲ့ပါဘူး။ မျှော်လည်း မမျှော်မှန်းခဲ့ပါဘူး။ ၁၉၆၉ ခုနှစ်ကစပြီးတော့ အနုပညာလမ်းကြောင်းပေါ်မှာ ရပ်တည်ခဲ့တာ ယနေ့အထိပါပဲ။ ကိုယ့်အရိုး ကိုယ်နိုင်သရွေ့ အနုပညာလမ်းကြောင်းပေါ်မှာ ရပ်တည်မှာပါ။ အနုပညာလမ်းကြောင်းပေါ်မှာ မှန်မှန်ကန်ကန် ရပ်တည်ခဲ့ပြီး ကြိုးစားအားထုတ်ခဲ့မှုတွေကြောင့် ဒီဆုကို နိုင်ငံတော်ကနေ ချီးမြှင့်တယ်လို့ ကျွန်မအနေနဲ့ မှတ်ယူပါတယ်။ ဖော်မပြနိုင်လောက်အောင် ဝမ်းသာပီတိလည်း ဖြစ်ရပါတယ်။

၂၀၁၃ ခုနှစ်က မြန်မာနိုင်ငံမှာ SEA Game ကြီး အောင်မြင်စွာကျင်းပနိုင်ဖို့

*စာမျက်နှာ ၁၃ သို့*

# မြန်မာသံရုံး တိုကျိုမြို့တွင် မြန်မာ့ရိုးရာအစားအစာနှင့် ယဉ်ကျေးမှုနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၊ မြန်မာ့ရိုးရာ အစားအသောက်များကို ဂျပန်နိုင်ငံသားများနှင့် ဂျပန်နိုင်ငံ အခြေစိုက် သံတမန်များအကြား ပိုမိုကျယ်ပြန့်စွာ သိရှိလာစေရန် ရည်ရွယ်လျက် မြန်မာ့ရိုးရာ အစားအစာနှင့် ယဉ်ကျေးမှုနေ့ (Myanmar Cuisine and Culture Day) အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြန်မာသံရုံး တိုကျိုမြို့၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ Asia-Pacific Ladies Friendship Society (ALFS)အသင်း၏ ဥက္ကဋ္ဌ Mrs. Haruko Komura နှင့် အမှုဆောင်ဒါရိုက်တာများ၊ Tokyo Women's Club မှ ဒုတိယဥက္ကဋ္ဌများ၊ ဂျပန်နိုင်ငံ အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ သံတမန်များ၊ အာဆီယံ - ဂျပန်စင်တာ(ASEAN- Japan Center)၏ အတွင်းရေးမှူးချုပ် Dr. Kunihiko Hirabayashi နှင့် ဇနီး၊ ဂျပန်စီးပွားရေး လုပ်ငန်းရှင်များ၊ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ တက္ကသိုလ်မှ ပါမောက္ခများ၊ Waseda University နှင့် Hosei University တို့မှ ဂျပန်ကျောင်းသား ကျောင်းသူများ၊ ဂျပန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် ဝန်ကြီးဌာနအသီးသီးမှ မြန်မာအစိုးရပညာတော်သင်များ၊ ဂျပန်နှင့် မြန်မာ မိတ်ဆွေ စုစုပေါင်း ၁၅၀ နီးပါး တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် သံအမတ်ကြီး ဦးစိုးဟန်နှင့်ဇနီး ဒေါ်လဲ့လဲ့ဝါတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ရိုက်ကူးထားသည့် Friendly Myanmar ဗီဒီယိုနှင့် မြန်မာ့ရိုးရာ မုန့်ဟင်းခါးချက်ပြုတ်ခြင်း ဗီဒီယို ပြသခဲ့သည်။

ထို့နောက် မြန်မာသံရုံး အမျိုးသမီး ဝန်ထမ်းများက "မဂ်လာပါ" အကဖြင့် ကပြဖျော်ဖြေခြင်း၊ ဂျပန်နိုင်ငံရှိ Manjushaka အကအဖွဲ့မှ အကပညာရှင်များ ကပြဖျော်ဖြေခြင်းနှင့် မြန်မာ့စောင်းတူရိယာ တီးခတ်မှုများဖြင့် တင်ဆက်ပြသခဲ့သည်။ ဆက်လက်၍ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့ကြသူများကို သံအမတ်ကြီး ဦးစိုးဟန်နှင့် ဇနီး၊ ဂျပန်နိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများ၏ နာယကဖြစ်သူ ဆန်မာရီနို သံအမတ်ကြီး၏ ဇနီး၊ ASEAN-Japan Center ၏ အတွင်းရေးမှူးချုပ် Dr.Kunihiko Hirabayashi နှင့် ဇနီးတို့က ဂုဏ်ပြုပန်းစည်းများကို ပေးအပ်ခဲ့ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို မြန်မာ့ရိုးရာအစားအစာများ ဖြစ်သည့် မုန့်ဟင်းခါး၊ လက်ဖက်သုပ်၊ မြန်မာ့ရိုးရာမုန့်မျိုးစုံနှင့် မြန်မာကော်ဖီတို့ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ဂုဏ်ကို ရှက်ပုန်းသီးအားကစားသမားများဖြင့် မြှင့်တင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလို

**လယ်ဝေး နိုဝင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် အေလာ(အ.ထ.က) သို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုး၊ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးနှင့် တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လယ်ဝေးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်သည်။




ဦးစွာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်က အမှာစကား ပြောကြားရာတွင် ထူးချွန်ထက်မြက်သော ရှက်ပုန်းသီး အားကစား သမားကောင်းများ ပေါ်ထွန်းလာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးတို့ကို ရည်ရွယ်၍ အားကစားပစ္စည်းများ ပေးအပ်ရခြင်း ဖြစ်ကြောင်း၊ သို့မှသာ အားကစားကို စိတ်ပါဝင်စားသူများပြားလာပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်လူရွယ်များ ပေါ်ထွက်လာမည် ဖြစ်ကြောင်း၊ လူတစ်စုအားကစားမှ လူထုအားကစားသို့ ဖြစ်အောင် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်လျက်ရှိရာ ပြည်သူလူထုအားလုံးက အတူလက်တွဲဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်ထောင်စုနယ်မြေ အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် နွေရာသီအားကစားသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများတွင် နေပြည်တော်ကောင်စီ ကိုယ်စားပြုယှဉ်ပြိုင်ရာ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၅ ခု ရရှိခဲ့သည်ကိုလည်း မှတ်တမ်းတင်ပါကြောင်း၊ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိပြီး အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အားကစားစိတ်ဓာတ် ရင့်သန်ခိုင်မာစေရေး၊ နိုင်ငံတော်၏ ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး တို့အတွက် ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက အေလာ (အ.ထ.က) သို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေယဉ်မွန်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသားကျောင်းသူလေးများက မြန်မာ့သိုင်း၊ Fitness Dance နှင့် လမ်းလျှောက်ကြမယ် သီချင်းများဖြင့် တင်ဆက်ဖျော်ဖြေရာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့၌ မက္ကဒေးမီးယား စိုက်ပျိုးခြင်းဆိုင်ရာ (TOT) သင်တန်းဖွင့်

**ပြင်ဦးလွင် နိုဝင်ဘာ ၂၄**

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် မက္ကဒေးမီးယား စိုက်ပျိုးခြင်းဆိုင်ရာ (TOT) သင်တန်းကို ယမန်နေ့က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၈)ရှိ မြန်မာ-ခါနန် တောင်သူလယ်သမားနည်းပညာဖွံ့ဖြိုးမှုလေ့ကျင့်ရေး သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်သည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေးက မက္ကဒေးမီးယား စိုက်ပျိုးခြင်းဆိုင်ရာ ( TOT ) သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားပြီး လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံများထံသို့ အသီးသီးထောက်ပံ့ပေးအပ်သည်။

အဆိုပါ မက္ကဒေးမီးယား စိုက်ပျိုးခြင်းဆိုင်ရာ (TOT) သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်း ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကို နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ သင်တန်းကာလ ငါးရက်ကြာ စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



*စာမျက်နှာ ၁၂ မှ*

ကျွန်မတို့ အဘက်ဘက်ကနေ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပါတယ်။ SEA Game အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် ကျွန်မကို နိုင်ငံတော်အကြီးအကဲတွေနဲ့ ဌာနဆိုင်ရာအကြီးအကဲတွေက တာဝန်ပေးတဲ့အခါမှာ ကျွန်မတို့အနေနဲ့ ဖွင့်ပွဲ၊ ပိတ်ပွဲ အကတွေကို တီထွင်ဖန်တီးခဲ့ပါတယ်။ SEA Game အတွက် ကျွန်မတို့ အင်တိုက်အားတိုက် နေ့ရောညရော ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စစ်ဘက်ဆိုင်ရာ၊ အနုပညာပိုင်းဆိုင်ရာ ညီအစ်ကိုမောင်နှမတွေနဲ့ ကျောင်းသားကျောင်းသူတွေရဲ့ တက်ကြွမှု၊ ဝါသနာပါမှု၊ ကြိုးစားအားထုတ်မှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့်ဖွင့်ပွဲ၊ပိတ်ပွဲကိုအောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါကြောင့် ဒီကြိုးစားမှုရဲ့ အကျိုးရလဒ်ကို ခံစားရတယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ နောင်လာမယ့်မျိုးဆက်သစ်တွေအနေနဲ့ ကျွန်မတို့လို အောင်မြင်တဲ့ ပန်းတိုင်တစ်ခုကို ရောက်ရှိအောင် ယုံကြည်ချက်အပြည့်နဲ့ ကြိုးစားဆောင်ရွက်ကြပါ။ စေတနာ၊ မေတ္တာ၊ ဝါသနာ၊ အနစ်နာကို ပေါင်းစုပြီး တက်တက်ကြွကြွနဲ့ အလုပ်လုပ်မယ်ဆိုရင် ဘာမဆို အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မအနေနဲ့ကတော့ လုပ်နိုင်သရွေ့ အနုပညာလမ်းကြောင်းပေါ်မှာ ဒီထက်မက စွမ်းစွမ်းတမံဖြစ်အောင် ဆောင်ရွက်သွားပါမယ်။ ဒီထက်မက ဆောင်ရွက်စရာတွေလည်း ရှိပါသေးတယ်လို့ ပြောပါရစေ။ ကျေးဇူးတင်ပါတယ်။

**သတင်းအဖွဲ့**



လာအိုသမ္မတ သောင်လွန်း ဆစ်စိုလစ်။

## လာအိုသမ္မတ သောင်လွန်း ဆစ်စိုလစ် နိုဝင်ဘာ ၂၉ ရက်တွင် တရုတ်နိုင်ငံသို့ သွားရောက်မည်

**ပေကျင်း နိုဝင်ဘာ ၂၄**

လာအိုပြည်သူ့တော်လှန်ရေးပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် လာအိုသမ္မတ သောင်လွန်း ဆစ်စိုလစ်သည် တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ) ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ တရုတ်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

စီပီစီဗဟိုကော်မတီ၏ နိုင်ငံတကာဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟူကျောက်မင်းက နိုဝင်ဘာ ၂၄ ရက်တွင် ထိုသို့ ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၄၁ ဦး ထပ်မံတွေ့ရှိ

**မနီလာ နိုဝင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၂၄ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၁၄၁ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၄၀၂၉၂၀၁ ဦး ရှိလာပြီဖြစ်သည်။

လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၇၃၉၃ ဦးရှိကြောင်း ကျန်းမာရေးဌာနက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၀ ရှိသဖြင့် နိုင်ငံအတွင်း သေဆုံးသူပေါင်း ၆၄၅၂၄ ဦးရှိပြီဖြစ်သည်။ လူဦးရေ ၁၃ သန်းကျော်ရှိသည့် မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၃၂၁ ဦး ရှိသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက် တစ်ရက်တည်းတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအသစ် ၃၉၀၀၄ ဦးရှိသဖြင့် ကူးစက်မှုအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

လူဦးရေ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးသူ ၇၃ ဒသမ ၇ သန်းရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ရှန်ဟိုင်းဒစ္စနေးလ်အပန်းဖြေဥယျာဉ်ကို ပြန်လည်ဖွင့်လှစ်မည်

**ရှန်ဟိုင်း နိုဝင်ဘာ ၂၄**

ရှန်ဟိုင်း ဒစ္စနေးလ်ဥယျာဉ်ကို နိုဝင်ဘာ ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်သွားတော့မည် ဖြစ်သည်။

ယခု သီတင်းပတ်အတွင်း တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်မှုနှုန်းမှာလည်း မြင့်မားလျက်ရှိသည်။ ကပ်ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များ အောက်တွင် တင်းကျပ်သည့် ကန့်သတ်မှုများနှင့်အတူ ရှန်ဟိုင်းဒစ္စနေးလ် အပန်းဖြေဥယျာဉ်ကို ပြန်လည်ဖွင့်လှစ်မည်ဟု သိရသည်။




ရှန်ဟိုင်းဒစ္စနေးလ်ဥယျာဉ်ကို တွေ့ရစဉ်။

ရောဂါ ကူးစက်မှုများကို ကာကွယ်ရန်အတွက် ရှန်ဟိုင်းဒစ္စနေးလ်ဥယျာဉ်ကို ပြီးခဲ့သည့် အောက်တိုဘာလမှ စတင်ကာ ပိတ်ထားခဲ့သည်။ လည်ပတ်သူများကို ဆွဲဆောင်နိုင်သည့် အချို့သောပွဲစဉ်များ ယခုကာလတွင် ရရှိနိုင်ဦးမည် မဟုတ်ချေ။ လာရောက် လည်ပတ်မည့် ဧည့်သည်များအားလုံး ၄၈ နာရီအတွင်း ဆေးစစ်ထားသည့် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးလက်မှတ် ပါရှိရမည်ဖြစ်သည်။

တရုတ်နိုင်ငံ၌ နိုဝင်ဘာ ၂၃ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရမှုပေါင်း ၂၉၀၀၀ တွေ့ရှိခဲ့သည်။ ဧပြီလက ကူးစက်ခံရမှုများထက်ပင် နေ့စဉ်ကူးစက်မှုအရေအတွက်မှာ မြင့်မားနေသည်ကို တွေ့ရသည်။

တရုတ်အစိုးရသည် စီးပွားရေး ရှင်သန်စေမည့် လှုပ်ရှားမှုများပြုလုပ်ရန် ရည်ရွယ်ထားသည်။ ယခုလ အစောပိုင်းကပင် ကိုဗစ်-၁၉ စည်းကမ်းကန့်သတ်ချက်အချို့ကို ဖြေလျှော့ပေးခဲ့သည်။ သို့သော်လည်း အာဏာပိုင်များသည် ကိုဗစ်-၁၉ ကူးစက်ခံရသူ လုံးဝမရှိစေရေး မူဝါဒကို လက်ကိုင်ထားဆဲဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## လျှပ်စစ်ကား ထုတ်လုပ်နိုင်မှုအပြောင်းအလဲ အရှိန်အဟုန်မြင့်စေရန် မာဇဒါကားကုမ္ပဏီ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**တိုကျို နိုဝင်ဘာ ၂၄**

လျှပ်စစ်ကားများ ပြောင်းလဲထုတ်လုပ်နိုင်ရေး အရှိန်အဟုန်မြှင့်တင်နိုင်ရေးအတွက် မာဇဒါကားကုမ္ပဏီမှ ၎င်းတို့၏အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျပန်ကားထုတ်လုပ်ရေး ကုမ္ပဏီသည် ၂၀၃၀ ပြည့်နှစ် အရောက်တွင် လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဟုသိရသည်။

ဆယ်စုနှစ် အကုန်ပိုင်းတွင် လျှပ်စစ်ကားများ ရောင်းချနိုင်မှုမှာ ကားသစ်ရောင်းချနိုင်မှု၏ ၄၀ ရာခိုင်နှုန်း ရှိလိမ့်မည်ဟု မာဇဒါကုမ္ပဏီမှ အရာရှိများက ခန့်မှန်းထားသည်။ ယင်းပမာဏမှာ ယခင်ခန့်မှန်းချက်ထက် ၂၅ ရာခိုင်နှုန်းပိုများသည်။ ရင်းနှီးမြှုပ်နှံမှုများထဲတွင် မိတ်ဖက်အဖွဲ့အစည်းများလည်း ပါဝင်မည်ဖြစ်သည်။




တရုတ် ဘက်ထရီကုမ္ပဏီ Envision AESC ထံမှ ထုတ်ကုန်များဝယ်ယူရန်လည်း သဘောတူညီပြီးဖြစ်သည်ဟု မာဇဒါကားကုမ္ပဏီမှ အရာရှိများကပြောသည်။ နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရေးအတွက်လည်း ကျိုတိုအခြေစိုက် Rohm ကုမ္ပဏီနှင့် အလုပ်အတူလုပ်ကိုင်သွားရန် အစီအစဉ်ကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဥဇဘက်ကစ္စတန်နိုင်ငံမှ ပေးအပ်သည့် လူနာတင်ယာဉ် ၁၂၅ စီးကို အာဖဂန်နစ္စတန် လက်ခံရရှိ



**ကဘူးလ် နိုဝင်ဘာ ၂၄**

အာဖဂန်နစ္စတန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ဥဇဘက်ကစ္စတန်နိုင်ငံနှင့် စာချုပ်ချုပ်ဆိုထားသည့် လူနာတင်ယာဉ် ၁၈၀ အနက် ၁၂၅ စီးကို နိုဝင်ဘာ ၂၃ ရက်က လက်ခံရရှိခဲ့ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရှာရာဖက်ဇက်မန်းက နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

လူနာတင်ယာဉ်များ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀၅၁၀၀၀ ရှိပြီး မြို့တော်နှင့် ပြည်နယ်များ၌ ပြည်သူ့ကျန်းမာရေးဝန်ဆောင်မှုများ တိုးတက်လာစေရန် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်ခဲ့ကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားသည်။ စစ်ဘေးသင့်နိုင်ငံ၌ ဒေသအများစုတွင် ပြည်သူများလုံလောက်သည့် ကျန်းမာရေးအခွင့်အလမ်းမရှိခြင်းကြောင့် အာဖဂန်နိုင်ငံတစ်ဝန်း ကျန်းမာရေးအပါအဝင် ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်လာစေရန် လုပ်ဆောင်သွားမည်ဟု တာလီဘန် ဦးဆောင်သော အိမ်စောင့်အစိုးရက ကတိပြုပြောကြားသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား ငလျင်ဒဏ်ခံပြည်သူများကို အစားအသောက်များ ဆက်လက်ဖြန့်ဝေပေးလျက်ရှိ

**ဂျကာတာ နိုဝင်ဘာ ၂၄** – အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်းရှိ ပြင်းအား ၅ ဒသမ ၆ ငလျင်ဒဏ်ခံစားနေရသူများအတွက် အစားအသောက်၊ ဆေးဝါးနှင့် တခြားလိုအပ်သော အထောက်အပံ့များကို ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း အဆင့်မြင့်အရာရှိတစ်ဦးက နိုဝင်ဘာ ၂၄ ရက်တွင် ပြောသည်။

ပြင်းထန်သော ငလျင်တစ်ခု အနောက်ဂျာဗားပြည်နယ်တစ်ခုဖြစ်သော ဆင်ဂျာ၌ နိုဝင်ဘာ ၂၁ ရက်က လှုပ်ခတ်ခဲ့ရာ ဒေသခံ ၆၂၅၄၅ ဦး နေရပ်ပြောင်းရွှေ့ခဲ့ရသည်။ ငလျင်ကယ်ဆယ်ရေးစခန်း ၁၄ ခုကိုလည်း တည်ဆောက်ပေးခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအကြီးအကဲ ဆူဟာရန်တိုကပြောသည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၂၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၁၉,၂၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၁၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၅၅၉) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၃) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၄၀ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၅ | ၂၀၈၅ | ၂၃၀၅ | ၂၉၂၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၂၅ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၁၇၅ | ၂၁၈၀ | ၂၁၈၀ | ၂၄၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၉၀ | ၂၄၃၅ | ၂၄၃၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၅၅ | ၂၄၅၅ | ၂၄၂၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၆၉၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၄၅ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၄၆၅ | ၂၅၁၀ | ၂၅၁၀ | ၂၄၇၅ | ၂၅၁၀ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၆၁၀ | ၂၆၀၅ | ၂၅၀၅ | ၂၅၁၅ | ၂၅၄၅ | ၂၅၅၀ | ၂၅၅၀ | ၂၇၇၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၂ | ၁၉၇၄ |
| 95 Ron | ၁၉၉၅ | ၂၀၆၈ |
| HSD (500 ppm) | ၂၂၈၀ | ၂၃၅၅ |
| HSD (50 ppm) | ၂၃၅၄ | ၂၄၃၀ |
| HSD (10 ppm) | ၂၃၅၄ | ၂၄၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နိုင်ငံသားအခွင့်အရေးနှင့်တာဝန်

မဲဆန္ဒရှင်တစ်ဦး

**ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၇ တွင် နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် ဥပဒေပြုလွှတ်တော်များအတွက် ပါတီစုံရွေးကောက်ပွဲများကို ကျင်းပရလေ့ရှိသည်။ ရွေးကောက်ပွဲများမှတစ်ဆင့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်၍ ကိုယ်စားပြုမှုကို ကျင့်သုံးရခြင်းဖြစ်သည်။ ဒီမိုကရေစီ၏ အခြေခံအကျဆုံး အနှစ်သာရကလည်း လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ကိုယ်စားပြုခြင်းတို့ပင်ဖြစ်သည်။**

> **❐ မဲစာရင်းတွင် ပါဝင်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်မှု အထောက်အထားနှင့် နေထိုင်မှု၊ ပြောင်းဝင်မှုနှင့် ပြောင်းထွက်မှု အထောက်အထားတို့ပင်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်အတွက် မဲစာရင်းတွင် ပါဝင်ရန်ဖြစ်စေ၊ မဲစာရင်းပါအမည်အား တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းရာတွင်ဖြစ်စေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ဥပဒေနှင့်အညီ ထုတ်ပေးသော နိုင်ငံသားကတ် တစ်မျိုးမျိုးရှိရမည့်အပြင် ပြောင်းဝင်ခြင်း၊ ပြောင်းထွက်ခြင်းနှင့် နေထိုင်ကြောင်း အထောက်အထားအဖြစ် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) လည်း လိုအပ်မည်ဖြစ်ပါကြောင်း အထူးသတိပြုကြရမည် ဖြစ်ပါသည်**

### နိုင်ငံသားအခွင့်အရေး

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က) တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မခွဲ (ခ)တွင် ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၆၉ ပုဒ်မခွဲ (က)တွင်လည်း နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်ဟု လည်းကောင်း၊ ပုဒ်မခွဲ (ခ) တွင် သက်ဆိုင်ရာ မဲဆန္ဒရှင်များသည် လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်နှင့် လွှတ်တော်ကိုယ်စားလှယ်အား တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်ပါ နိုင်ငံသားအခွင့်အရေးနှင့် ဒီမိုကရေစီလူ့အခွင့်အရေးပင်ဖြစ်သည်။ သို့သော် နိုင်ငံသားအဖြစ် ရွေးကောက်ပွဲတွင် မဲပေးခွင့်နှင့် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်အတွက် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန် လိုအပ်ပါသည်။

### နိုင်ငံသားဖြစ်ခြင်း၊ နေထိုင်ခြင်းနှင့် နေရပ်လိပ်စာပြောင်းလဲခြင်း

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၄၆ တွင် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်စေရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၅၅ တွင်လည်း နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟုလည်း ပြဋ္ဌာန်းထားသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စီမံခန့်ခွဲသော ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေများတွင် နိုင်ငံတော်တွင် ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခြင်း၊ မွေးဖွားခြင်း၊ ကွယ်လွန်ခြင်း၊ နေရပ်လိပ်စာပြောင်းလဲခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ဆန္ဒမဲပေးပိုင်ခွင့်နှင့် နိုင်ငံသားတာဝန်

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ(က)တွင် ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊ ပုဒ်မခွဲ (ခ)တွင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူတို့သည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ တစ်ဦးဦးဖြစ်ရန်လိုသည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားမဖြစ်ခြင်းကို နေထိုင်မှု၊ ကိုးကွယ်ရာဘာသာ၊ ပြောဆိုသည့် ဘာသာစကားတို့ကို ကြည့်၍ နိုင်ငံသားဖြစ်သည်ဟု မှတ်ယူ၍မရနိုင်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီသာ သတ်မှတ်နိုင်မည်ဖြစ်သည်။ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူဖြစ်ကြောင်း စိစစ်ရန် ဥပဒေအရ တစ်ခုတည်းသော အထောက်အထားမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဥပဒေနှင့်အညီ တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် တစ်မျိုးမျိုး လက်ဝယ်ကိုင်ဆောင်ထားရန် လိုအပ်သည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၉ တွင် နိုင်ငံတော်အတွင်း မွေးဖွားသော နိုင်ငံသား တစ်ဦးအတွက် အသက် ၁၀ နှစ်ပြည့်သည့်နေ့မှစ၍ တစ်နှစ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်သောအဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်ဟု လည်းကောင်း၊ ပုဒ်မ ၁၀ တွင် နိုင်ငံတော်ပြင်ပတွင် မွေးဖွားသောနိုင်ငံသားတစ်ဦးအတွက် ထိုသို့မွေးဖွားကြောင်းကို မွေးဖွားသည့်နေ့မှစ၍ တစ်နှစ်အတွင်း မြန်မာနိုင်ငံသံရုံး သို့မဟုတ် ကောင်စစ်ဝန်ရုံး သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သတ်မှတ်သောအဖွဲ့အစည်းများ၌ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မိဘ သို့မဟုတ် အုပ်ထိန်းသူက မှတ်ပုံတင်ရမည်ဟု လည်းကောင်း နိုင်ငံသားတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်သော နိုင်ငံသားလုပ်ငန်းစဉ်အတွက် အခြေခံအချက်မှာ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)ဖြစ်ပြီး လူဦးရေစာရင်းများ မှန်ကန်ရေး အတွက် အရေးအကြီးဆုံးအချက်မှာလည်း အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆) များ မှန်ကန်ရေးပင်ဖြစ်ကြောင်း မှတ်သားမိပါသည်။

### မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရေး

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆ အရ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရရန် အတွက် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးဦးဖြစ်ရမည့် အပြင် သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သူလည်းဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်သည့် တိုင်အောင် မဲစာရင်းတွင် မပါဝင်ပါက ဆန္ဒမဲပေးခွင့်ရမည်မဟုတ်ပါ။ ဥပဒေနှင့်အညီ မဲစာရင်းတွင် ပါဝင်ရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် ယခင်ရွေးကောက်ပွဲများတွင် မိမိနေထိုင်သော မဲဆန္ဒနယ်မဟုတ်ဘဲ အခြားသောဒေသမှလာရောက်၍ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများရှိခဲ့သည်ဖြစ်ရာ သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် အမှန်တကယ်နေထိုင်သူ မဲဆန္ဒရှင်များအတွက် မှန်ကန်သော ကိုယ်စားပြုမှုကို ဖော်ဆောင်ပေးနိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိဝင်ရောက်ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် အမည်စာရင်းပါဝင်သူဖြစ်ရန် လိုအပ်သည့် သတ်မှတ်ချက်မျိုး ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်မည်ဟု ယူဆမိသည်။

### မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ရေးအတွက် အခြေခံလိုအပ်ချက်

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများအရ မဲဆန္ဒရှင်စာရင်းပြုစုရာတွင် ကော်မရှင်က သတ်မှတ်သော လူဦးရေစာရင်းပုံစံ ဇယားနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပြုစုထားသည့်လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်းတို့ကို အခြေခံ၍ပြုစုရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ မဲစာရင်းတွင် ပါဝင်ရန်အတွက် နိုင်ငံသားဖြစ်ကြောင်း နိုင်ငံသားကတ် တစ်မျိုးမျိုး ကိုင်ဆောင်ထားရန် လိုအပ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက သက်ဆိုင်ရာမြို့နယ်၏ ရပ်ကွက်/ ကျေးရွာအုပ်စုတွင် နေထိုင်ကြောင်း တရားဝင်ထုတ်ပေးထားသည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ရှိထားရန်လည်း လိုအပ်သည်။ ပုံစံ (၆၆/၆) ရှိသော နေရပ်လိပ်စာပါဝင်သည့် ရပ်ကွက်/ကျေးရွာအုပ်စု၏ မဲစာရင်းတွင်သာ မိမိအမည်ပါဝင်မည်ဖြစ်သည်။ မိမိ၏ မဲစာရင်းပါရှိရာ ရပ်ကွက်/ကျေးရွာအုပ်စု၏ မဲရုံတွင်သာ ဆန္ဒမဲပေးရမည်ဖြစ်ပါသည်။

အကယ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတစ်ဦးသည် ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါတွင် မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းမှ အခြားမဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၆(၂)နှင့် နည်းဥပဒေ ၂၇(၁) တို့အရ ထုတ်ပေးသော ပုံစံ(၁၀) သို့မဟုတ် ပုံစံ (၉၀/၁/နငသ)နှင့်အတူ လက်ရှိမဲဆန္ဒနယ်မဲစာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြားမဲဆန္ဒနယ်သို့ ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာ ပုံစံ (၄-က)ဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းရမည်။ ယင်းတင်ပြချက်အတိုင်း မှန်ကန်ကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခွင့်ပြု၍ ယင်းအမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ(၄-ခ)ကို ထိုသူအားပေးရမည်။ ထိုသူသည် မိမိပြောင်းရွှေ့နေထိုင်သည့် မဲဆန္ဒနယ်၏ မဲစာရင်းတွင် မိမိအမည်ကို ထည့်သွင်းပေးပါရန် ပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)နှင့် ပုံစံ(၄-ခ)ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃)ကို တင်သွင်းလျှင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက မဲစာရင်း၌ ထည့်သွင်းပေးရမည်။ ယင်းသို့ ရွှေ့ပြောင်းလာသောမဲဆန္ဒနယ်၌ ထိုသူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဟု လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ မဲစာရင်းတွင် ပါဝင်ရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်မှု အထောက်အထားနှင့် နေထိုင်မှု၊ ပြောင်းဝင်မှုနှင့် ပြောင်းထွက်မှု အထောက်အထားတို့ပင်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲပေးခွင့်အတွက် မဲစာရင်းတွင် ပါဝင်ရန်ဖြစ်စေ၊ မဲစာရင်းပါအမည်အား တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းရာတွင်ဖြစ်စေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ဥပဒေနှင့်အညီ ထုတ်ပေးသော နိုင်ငံသားကတ် တစ်မျိုးမျိုးရှိရမည့်အပြင် ပြောင်းဝင်ခြင်း၊ပြောင်းထွက်ခြင်းနှင့် နေထိုင်ကြောင်း အထောက်အထားအဖြစ် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) လည်း လိုအပ်မည်ဖြစ်ပါကြောင်း အထူးသတိပြုကြရမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

# တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့်စခန်းမှ ငွေကျပ် ၂ ဒသမ ၁၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့်လက်နက်ခဲယမ်းများ ဖမ်းဆီးရမိ



နေပြည်တော် နိုဝင်ဘာ ၂၄

တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းမှ ငွေကျပ် ၂ ဒသမ ၁၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်**

လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နိုဝင်ဘာ ၁၂ ရက် နံနက် ၆ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု တစ်ရာကုတ် ကျေးရွာအနီးရှိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းကို ဝင်ရောက်စီးနင်း ရှာဖွေရာ ကျော်စိန်၊ ကျားယော်၊ ကျကော့၊ ကျလော၊ ကျကျိုး၊ ဒါယေလ၊ အိုက်ရီ(ခ)ကျိုင်းရီနှင့် ကျယု တို့ ရှစ်ဦးအား ဒေသကာလတန်ဖိုး ငွေကျပ် ၂ ဒသမ ၁၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇၃၃ သန်း စိတ်ကြွဆေးအကြေမှုန့် ၂၅၃ ကီလို၊ ဘိန်းစိမ်း ၃ ကီလို၊ ကဖင်း၂၉ ကီလို၊ AK-47 သေနတ် နှစ်လက်၊ ၎င်းကျည် ၁၀ တောင့်၊ အမ်-၂၂ သေနတ် တစ်လက်၊ ၎င်းကျည် ငါးတောင့်၊ ပွိုင့်-၂၂ သေနတ် တစ်လက်၊ ၁၂ ဗို့ ပြောင်းရှည် သေနတ် တစ်လက်၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့် ဆေးပြားရိုက်စက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ရေပူစမ်းကျေးရွာရှိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်းပိုင်ရှင် ဘောဇ(ခ)ဘောစနှင့် ဂျိုးဇက် (ခ)ကဲဘာ တို့၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၃၆၀၊ စိတ်ကြွဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသည့် မွှေစက်အသေး တစ်လုံး၊ ကျကော့ ၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေး ၇၃၉၂ ပြား၊ စိတ်ကြွဆေးအကြေမှုန့် ၇၀၀ ဂရမ်တို့ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများ ပိုင်ဆိုင်သည့် ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးနှင့် ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၆ မှ*

## ရွေးကောက်ပွဲအတွက် မှန်ကန်ရှင်သန်နေသော မဲဆန္ဒရှင်စာရင်း

ရွေးကောက်ပွဲအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည့်အပြင် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်မှာ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းပင်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး ဥပဒေနှင့်အညီ သက်ဆိုင်ရာ မဲစာရင်းတွင် ပါဝင်ရန် လိုအပ်သကဲ့သို့ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့် မရှိသူများ မဲစာရင်းတွင် မပါဝင်စေရန်လည်း အထူးသတိပြုရန် လိုအပ်သည်။ သို့မှသာ နိုင်ငံသား မဲဆန္ဒရှင်အနေဖြင့် ရွေးကောက်ပွဲတွင် မိမိ၏ ဥပဒေပါ နိုင်ငံသားအခွင့်အရေးနှင့် ဒီမိုကရေစီလူ့အခွင့်အရေးကို မှန်ကန်စွာ ကျင့်သုံးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲများအတွက် မဲစာရင်းပြုစုရာတွင် မှန်ကန်ပြည့်စုံသော မဲစာရင်းဖြစ်ရန်လိုသည်။ ရွေးကောက်ပွဲအတွက် မှန်ကန်ရှင်သန်နေသော မဲစာရင်းဆိုသည်မှာ မဲဆန္ဒရှင်နှင့် သက်ဆိုင်သော အချက်အလက်များဖြစ်သည့် အမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ နိုင်ငံသားကတ်အမှတ်၊ အဘအမည်၊ အမိအမည်၊ နေရပ်လိပ်စာတို့တွင် ကွက်လပ်ကျန်မနေစေဘဲ မှန်ကန်ပြည့်စုံစွာ ပါဝင်ရမည်ဖြစ်သည်။ ၎င်းအချက်အလက်များ မှန်ကန်ပြည့်စုံရန်အတွက် နိုင်ငံသားကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြုစုထားသည့် လူဦးရေစာရင်းတို့ကို အထောက်အထားပြု၍ မှန်ကန်စွာစိစစ်ပြုစုရန် လိုအပ်မည်ဖြစ်သည်။ နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန် ဥပဒေနှင့်အညီ မဲပေးခွင့်ရှိသူများ မဲစာရင်းတွင်ပါဝင်ရန် လိုအပ်သကဲ့သို့ ဥပဒေနှင့်မညီသော မဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်းတွင် မပါစေရန်လည်း အရေးကြီးသည်။ မဲမသမာမှုဖြစ်စေနိုင်သော မဲစာရင်းဖောင်းပွမှုနှင့် အချက်အလက်မှားယွင်းမှုများ မဖြစ်စေရန် အထူးသတိပြုရမည်။ ထို့ပြင်နောင်ရွေးကောက်ပွဲများအတွက် စဉ်ဆက်မပြတ်အသုံးပြုနိုင်သည့် မှန်ကန်ရှင်သန်နေသော မဲစာရင်းဖြစ်နေစေရန်လည်း လိုအပ်သည်။ မဲဆန္ဒရှင်စာရင်းသည် အမြဲတမ်းပြောင်းလဲနေသော လူဦးရေစာရင်းကို အခြေခံရသည်ဖြစ်ရာ လူဦးရေစာရင်းနှင့် မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရှင်သန်နေစေရေးအတွက် စာရင်းပြုစုခြင်း၊ စာရင်းများစိစစ်ခြင်း၊ စာရင်းများ ထိန်းသိမ်းခြင်းနှင့် စာရင်းအချက်အလက်များ စီမံခန့်ခွဲခြင်းတို့ကို နည်းပညာအထောက်အကူဖြင့် ပေါင်းစပ်ကျင့်သုံးရန် လိုအပ်မည်ဖြစ်သည်။

### မဲဆန္ဒရှင်စာရင်းအတွက် အခြေခံရမည့် လူဦးရေစာရင်းများ မှန်ကန်ရန် လိုအပ်

လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပြဋ္ဌာန်းချက်များအရ ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းသို့ ကူးပြောင်းပြုစုရခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အခြေခံရမည့် လူဦးရေစာရင်းများ မှန်ကန်နေမှသာ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် အထောက်အကူရရှိနိုင်မည်ဖြစ်သဖြင့် အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်နေစေရန် သက်ဆိုင်ရာဌာနများက ဆောင်ရွက်ထားရန်လည်း လိုအပ်မည် ဖြစ်ပါသည်။

### နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ လာမည့် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သော အိမ်ထောင်စုတိုင်းတွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)များ ရရှိစေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး နိုင်ငံသားစိစစ်ရေးကတ် ကိုယ်စီရရှိရေး၊ အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်ရေးနှင့် လူဦးရေစာရင်းများ မှန်ကန်ရေးတို့အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်အဆင့်ဆင့်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့” ဦးတည်ချက်ဖြင့် ဆောင်ရွက်သော နိုင်ငံလုံးဆိုင်ရာ ပန်းခင်းစီမံချက်ဖြစ်သဖြင့် နိုင်ငံသားများကလည်း မိမိတို့၏ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံသားတာဝန် အလို့ငှာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည်။ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)များတွင် ကွယ်လွန်ပြီးသူများ အမည်အား ပယ်ဖျက်ရန်နှင့် နိုင်ငံသားကတ်ရရှိပြီးသူများ၏ ကတ်အမှတ်များ ဖြည့်သွင်းပေးရန် လိုအပ်လျက်ရှိပါသည်။ မွေးဖွားလူဦးရေ စာရင်းတိုးခြင်း၊ ကွယ်လွန်စာရင်းလျှော့ခြင်း၊ ပြောင်းဝင်ခြင်းနှင့် ပြောင်းထွက်ခြင်းစသည့် လူဦးရေအတိုး/အလျှော့ စာရင်းများကိုလည်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်သည်။ သို့မှသာ မှန်ကန်ရှင်သန်နေသော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

### ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း မည်သည့်အချိန်ကာလအတွက်မဆို ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲအတွက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) စာရင်းများကို အခြေခံထားသည့် အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းနှင့် မြေပြင်လူဦးရေစာရင်းဖြင့် တိုက်ဆိုင်စိစစ်ခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကော်မရှင်ရုံးတွင် ပင်မဆာဗာတစ်ခုတည်ဆောက်ပြီး နည်းပညာအသုံးပြုဆောင်ရွက်နေပြီဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

### နိုင်ငံသားကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ မှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ အစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမြင့်ကြိုင်နှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များလည်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ အစည်းအဝေးတွင် မဲစာရင်းများမှန်ကန်စေရန်အတွက် ပထမအဆင့် နိုင်-၄ နှင့် ပတ်သက်သည့် စာရင်းဇယားများ အတိအကျဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွန်ပျူတာစနစ်ဖြင့် စိစစ်ပြီးနောက် ပုံစံ (၆၆/၆)ကို Software နည်းပညာဖြင့် စစ်ဆေးခဲ့ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပါ အမှားအယွင်းများကို တတိယအဆင့်အဖြစ် မြေပြင်တွင် စိစစ်ပြီး စာရင်းသွင်းခြင်းနှင့် စစ်ဆေးပြင်ဆင်ခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဦးစီး၍ ရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကွန်ပျူတာပညာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအပြင် လုံခြုံရေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အမြန်ဆုံး မြေပြင်စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူဦးရေစာရင်းများ တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်မှသာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်မည့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်းများ အမှန်တကယ်ပြုစုနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းလမ်းညွှန်ချက် ချမှတ်ပေးခဲ့သည်ဖြစ်ရာ မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့များ လာရောက်ဆောင်ရွက်ချိန်တွင် ကာယကံရှင်နိုင်ငံသားများနှင့် သက်ဆိုင်ရာအိမ်ထောင်စုများကလည်း မိမိတို့နှင့်သက်ဆိုင်သည့် အချက်အလက်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များ မှန်ကန်စွာ စိစစ်မှတ်တမ်းတင်နိုင်ရေးအတွက် နိုင်ငံသားအခွင့်အရေး၊ နိုင်ငံသားတာဝန်တို့နှင့် လျော်ညီစွာ ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံသားမဲဆန္ဒရှင်တစ်ဦးအနေဖြင့် ဆန္ဒပြုတိုက်တွန်းဖော်ပြအပ်ပါသည်။ ။

**ရွေးကောက်ပွဲအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည့်အပြင် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်မှာ မဲဆန္ဒရှင်စာရင်းပြုစုခြင်းပင်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး ဥပဒေနှင့်အညီ သက်ဆိုင်ရာ မဲစာရင်းတွင် ပါဝင်ရန် လိုအပ်သကဲ့သို့ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ မဲစာရင်းတွင်မပါဝင်စေရန်လည်း အထူးသတိပြုရန်လိုအပ်**

## စစ်ကိုင်းမြို့နယ် ကင်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်သမားများက “တိက္ခဇေယျာ” ထိုင်ဝမ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဝင်ရောက်ကာ ငွေ၊ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်အား ခြိမ်းခြောက်လုယက်ယူဆောင်



စစ်ကိုင်းမြို့နယ် ကင်းကျေးရွာရှိ ထိုင်ဝမ်ဘုန်းတော်ကြီးပညာရေးကျောင်းအား အကြမ်းဖက်သမားများက ဝင်ရောက်လုယက်ထားသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကင်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က “တိက္ခဇေယျာ” ထိုင်ဝမ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ဝင်ရောက်ကာ ငွေနှင့် မော်တော်ယာဉ်များအား ခြိမ်းခြောက် လုယက် ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ကင်းကျေးရွာရှိ “တိက္ခဇေယျာ” ထိုင်ဝမ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ်လေးစီးဖြင့် ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပညာသာမိ၏ အခန်းအတွင်းရှိ စားပွဲပေါ်မှ လက်ဆွဲအိတ်ဖြင့် ထည့်ထားသည့် ငွေကျပ်သိန်း ၃၀၀ နှင့် ဘုန်းကြီးကျောင်းတွင် ရောက်ရှိနေသည့် ဒေါ်အုန်း (၇၂ နှစ်)၊ ဒေါ်သန်း (၆၁ နှစ်)၊ ဒေါ်ကျင်စော (၆၀ နှစ်) နှင့် ဒေါ်သူဇာဝင်း (၄၃ နှစ်) တို့၏ လက်ကိုင်ဖုန်း လေးလုံးတို့ကို လုယက်ယူဆောင်ပြီး ပြန်လည်ထွက်ခွာသွားခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားများသည် မွန်းလွဲ ၂ နာရီခန့်တွင် ဘုန်းတော်ကြီးကျောင်းသို့ ထပ်မံရောက်ရှိလာပြီး ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရပ်ထားသည့် ယာဉ်အမှတ် RLG/-- – ALPHARD မော်တော်ယာဉ်အား လုယက်ယူဆောင် မောင်းနှင်သွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ဘုန်းတော်ကြီးကျောင်းအတွင်း ဝင်ရောက်ကာ ငွေ၊ လက်ကိုင်ဖုန်းများနှင့် မော်တော်ယာဉ်အား လုယက်ယူဆောင်သွားသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၄

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၂၅၁၀၇၂)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။**

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၁ ဒသမ ၀၈၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၄၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်တွင် ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၂၃ ရက်တွင် မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီး ( ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်/ဆိပ်ကမ်းများတွင် တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် HP Laptop (အဟောင်း) လေးလုံးအပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀)ကို လည်းကောင်း၊ ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော စတီးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ပိတ်လိတ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၅၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် နေပြည်တော်ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဥတ္တရသီရိမြို့နယ် သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၅၁ ဒသမ ၆၁၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၉၇၅၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ် အမှတ်(၈)ရပ်ကွက် တလုပ်ကုန်းရွာအနီး၌ တရားမဝင်ကျွန်းခွဲသား ၄၉ ဒသမ ၂၁၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၈၀၈၄၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ်နှင့် ပျဉ်းကတိုးခွဲသား ၆ ဒသမ ၀၅၁၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၆၈၃၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


အလားတူ နိုဝင်ဘာ ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း တရားမဝင် သစ်မျိုးစုံ ၆ ဒသမ ၉၇၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၆၀၉၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဂက်(စ်)မီးဖို အလုံး ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၂၂ ရက်၊ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၂၁၀၂၃၆ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**





● *ကျောဖုံးမှ*

သွင်းဂိုးဖြင့် ကင်မရွန်းအသင်းကို အနိုင်ရရှိခဲ့သည်။ ဆွစ်ဇာလန်အသင်း သွင်းယူရရှိခဲ့သော အဆိုပါ သွင်းဂိုးကို ရှာကွီရီက ဖန်တီးပေးခဲ့သည်။

ဆွစ်ဇာလန်အသင်းက ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်အားကောင်းလာခဲ့ပြီး ကင်မရွန်းအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် လက်ကျန်ပွဲစဉ်ကို ရလဒ်ကောင်းရရှိရေး မဖြစ်မနေ ကြိုးစားရတော့မည်ဖြစ်သည်။ သို့သော်လည်း ဆွစ်ဇာလန်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၈ ရက်၌ ကမ္ဘာ့ဖလားသမိုင်းတွင် အအောင်မြင်ဆုံးအသင်းဖြစ်သည့် ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ကင်မရွန်းအသင်းက ဆားဘီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

**ရှမ်းပြည်နယ် ညောင်ရွှေမြို့တွင်း လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် မြို့တွင်းလမ်းများ လမ်းပေါက်ဖာပြုပြင်ခြင်းကို နိုဝင်ဘာ ၂၄ ရက်က မြို့နယ်စည်ပင်သာယာရေးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်အိအိဖြိုး ကြီးကြပ်ဆောင်ရွက်စဉ်။ နေမျိုးသူရိန်**




# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆




